ဓမ္မစရိယာစ တေံ မင်္ဂလ မုတ္တမံ၊ ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၂၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်သည့် မင်းဓမ္မကုန်းတော်ဘက်စုံတည်ဆောက်ရေး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဂန္ဓကုဋိကျောင်းတော်ကြီးအတွင်းတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးနှင့် မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းဓမ္မကုန်းတော်ရှိ သာသနိကအဆောက်အအုံများ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားကာ မင်းဓမ္မကုန်းတော်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးနေသည့်နိုင်ငံတော်

ယခုကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် အောင်မြင်မှုများ ရရှိခြင်းမှာ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တစည်းတလုံး၊ တညီတညွတ်တည်း စုပေါင်းအားထုတ်မှု၊ အမျိုးသားရေးအင်အား ခိုင်မာတောင့်တင်းမှုတို့ကြောင့် ဖြစ်ပေသည်။

ထိုသို့ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးမှု၊ အမျိုးသားရေးအင်အား ခိုင်မာတောင့်တင်းမှု၊ ရရှိထားသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖြစ်ထွန်းနေသော ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဟန့်အတား အနှောင့်အယှက်ပြုနေသည့် အန္တရာယ် အသွယ်သွယ်ကိုလည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မပြတ်သောသတိဖြင့် ဆန့်ကျင်ကာကွယ်သွားရန် လိုအပ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၄)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

ယနေ့ထုတ်စောင်ရေ
၂၀၀၂၄

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

"ယနေ့ကာလတွင် တိုင်းရင်းသားများသည် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းမှုနှင့်အတူ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်တွင် မိုင်းလားဒေသအား ဘိန်းမဲ့ဇုန်အဖြစ် ကမ္ဘာသိကြေညာနိုင်ခဲ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ၎င်းမှာ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းမှရရှိသော အသီးအပွင့်များဖြစ်သည်။"

လငွန်းအိမ်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"ငြိမ်းချမ်းရေးသည် တို့စီးပွားညီညွတ်ရေးသည် တို့အင်အား"** ကို စာမျက်နှာ(၈-၉)နှင့် ခွန်ရဲသွေး(အေးသာယာ)၏ **"မိုးထိမြင့်တိုင်"** ကဗျာတို့ကို စာမျက်နှာ(၃)တွင် ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ သာသနိကအဆောက်အအုံများ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

လုပ်ငန်းကဏ္ဍအလိုက် ရည်မှန်းချက်အောင်မြင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်ထောင်စုကြီး၏နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဗဟိုအဆင့်မှ အမျိုးသားစီမံကိန်းများ စီမံချမှတ်ပေးလျက်ရှိသည်။ ဗဟိုမှတာဝန်ရှိသူများသည် ပြည်နယ်နှင့်တိုင်း ဒေသများအားလုံးသို့ အခြေခံအဆင့် ကျေးလက်ဒေသများအထိ လွန်းထိုးသွားရောက်ကာ ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

အခြေခံအဆင့်ရှိ ကျေးလက်နေပြည်သူများနှင့် ထိတွေ့လေ့လာပြီး တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး အခြေခံများ တိုးတက်ကောင်းမွန်စေရန်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လုံခြုံစေရန် ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဗဟိုအဆင့်မှတာဝန်ရှိ သူများကိုယ်တိုင် အောက်ခြေအထိ အရောက်သွားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိနေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီလ ၃၁ရက်နေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံခန်းမ၌ ရမည်းသင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ကျန်းမာရေးလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်–

“ဤကဲ့သို့သော အခြေအနေ အချိန်အခါမျိုးတွင် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ၊ ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ အားလုံးရည်မှန်းချက်နှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရန် မိမိတို့တွင် တာဝန်ရှိသည်ဆိုသော သဘောထားခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ကြောင်း”

ပြောကြားသွားသည်။

အဆင့်ဆင့်သော တာဝန်ရှိသူများသည် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေး၊ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ကျေးလက်နေပြည်သူများစားဝတ်နေရေး ပြည့်စုံချောင်လည်စေပြီး ပညာရေး၊ ကျန်းမာရေးအခြေခံများ တိုးတက် မြင့်မားရေးအတွက် အခြေခံဒေသကျေးလက်များအထိ သွားရောက်ပြီး ပြည်သူများနှင့် ထိတွေ့ကာ ပြည်သူများ၏ လိုလားချက်၊ ပြည်သူများ၏ လိုအပ်ချက်တို့ကို လက်တွေ့ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ခံများတွင် တာဝန်အရှိဆုံးဖြစ်သည်။ မြို့နယ်အဆင့်တာဝန်ခံများက ပြည်သူနှင့်တစ်သားတည်းရှိပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါမှ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မိမိတို့တာဝန်ကျရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ခံများအားလုံးက သူ့လုပ်ငန်း ကိုယ့်လုပ်ငန်းခွဲခြားမနေဘဲ လုပ်ငန်းကဏ္ဍများအလိုက် ကော်မတီများဖွဲ့စည်းကာ သက်ဆိုင်ရာဌာနက ဦးဆောင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုပေသည်။

သို့ဖြစ်ရာလုပ်ငန်းကဏ္ဍအလိုက်ကော်မတီများဖွဲ့စည်းပြီး စုပေါင်းဦးဆောင်မှု၊စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် လုပ်ငန်းကဏ္ဍအလိုက်ရည်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာစေရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၁ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ရေဆိုးသန့်စင်ရေးစက်ရုံတည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးကြည်ဝင်း ကော်မတီဝင်များ၊ အင်ဂျင်နီယာများနှင့်အတူ ရေဆိုးသန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းဝင်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (၂၁၀)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇန်နဝါရီ ၃၁ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် သုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ရတနာအုတ်မြစ်တော်စီ မင်္ဂလာ အခမ်းအနားကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရတနာအုတ်တော်ကို သတ်မှတ်နေရာတွင် စီပေးစဉ်။

(မြန်မာ့အလင်း)

အရှင်အာစာရာလင်္ကာရ တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ သာမဏေကျော်၊ ဓမ္မာစရိယ၊ ပဋ္ဌာနကာယဝိဒူ၊ ဂန္ထဝါစကပဏ္ဍိတ သာသနာပြု ဓမ္မကထိက ဆရာတော်အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၆ ရက်၊ ၇ရက်၊ ၈ရက်များတွင် ကွမ်းခြံကုန်း လက်ခုပ်ကုန်းရွာ၊ ၉ ရက်၊ ၁၀ ရက်တွင် ဒေးဒရဲမြို့ မြို့လယ်သံတန်ဆောင်း၊ ၁၁ရက်၊ ၁၂ရက်၊ ၁၃ရက်တွင် ကော့မှူး မဆယ်ဆိပ်ရွာ၊ ၁၄ရက်၊ ၁၅ရက်တွင် ကော့မှူးနတ်စင်ကုန်းရွာ၊ ၁၆ရက်၊ ၁၇ရက်တွင် ကော့မှူးလာဝတီရွာ၊ ၁၈ရက်၊ ၁၉ရက်တွင် ကော့မှူး ညောင်ပင်သာရွာ၊ ၂၀ ရက်၊၂၁ရက်တွင်ကော့မှူးဝါးဘလောက်သောက်ရွာ၊ ၂၂ ရက်တွင် ရန်ကုန် ရွှေပြည်သာသီတဂူ ပန်းခြံ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူ မည်ဖြစ်ပြီး ဆရာတော်နှင့် ဆက်သွယ်လိုပါက စစ်ကိုင်းရွှေဟင်္သာ ဖုန်း–၀၇၂–၂၂၁၇၀၊ ၂၁၁၆၉၊ ရန်ကုန် ဖုန်း–၀၁– ၆၅၁၁၉၄ မယ်တော်ကြီး (မိခင်)၊ အမှတ် ၂၇/က အောင်မေတ္တာလမ်း သွယ်(၁–နောက်) အောင်သစ္စာလမ်းမ ကုလားကျောင်းမှတ်တိုင်သမိုင်း လမ်းဆုံအနီး မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မင်္ဂလာသိင်္ဂီဆရာတော် ဘဒ္ဒန္တကုဿလ၏ဓမ္မခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ဓမ္မသုခတိုက် မင်္ဂလာသိင်္ဂီကျောင်း ဆရာတော် ဘဒ္ဒန္တကုဿလ သာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယသည် ဖေဖော်ဝါရီ ၆၊ ၇နှင့် ၈ရက် ညများတွင် မြစ်ကျိုး ဝေါမြို့နယ်၊ ၁၀ရက်မှ ၁၄ရက်ထိ ကံဖြူရွာ ချောက်မြို့နယ်၌ ငါးည၊ ဖေဖော်ဝါရီ ၂၅ရက်မှ မတ် ၃ရက်ထိ မြကိုင်းရွာ၌ ခုနစ်ည၊ ၄ရက်မှ ၁၀ရက်ထိ ရွှေတောင်ဘိုရွာ၌ ခုနစ်ည၊ ၁၂ရက်မှ ၁၈ရက်ထိ ရှမ်းချောင်းရွာ၌ ခုနစ်ည၊ ၂၁ရက်မှ ၂၇ရက်ထိ ခြောက်တဲစု၌ခုနစ်ည ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ၁ရက်က သာကေတမြို့နယ် အမက(၂၁) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က ဘက်စုံပထမဆုရရှိသူ သူငယ်တန်း (က)မှ မောင်ဟိန်းလင်းအား ဆုချီးမြှင့်စဉ်။ (က–ပ)

နမ်းမနဲ့ စေတီဒီသာကျွေးမွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပလျက်ရှိသော နမ်းမနဲ့ စေတီဒီသာကျွေးမွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ရက် ညနေ၃နာရီတွင် ရွှေဘုန်းပွင့်ဓမ္မာရုံသစ်၌ ကျင်းပမည်ဖြစ်ရာ နမ်းမနဲ့ထိုးပွဲကို ယနေ့မှစတင်၍ ဂေါပကအဖွဲ့ဝင်များနှင့်အလှူရှင်များက ကုသိုလ်ယူဆောင်ရွက်လျက်ရှိကြသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

▼ *ကျောဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် အမျိုးသား အားကစားဟု ဆိုရမည့် ဘောလုံး အားကစားနည်း အပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်နိုင်မှု ရရှိနေပြီဖြစ်သည့် အားကစားနည်းများ အရှေ့တောင် အာရှတွင် ထိပ်တန်းရောက်ရှိစေရအောင် ပြုပြင်ပြင်ဆင်ဆောင်ရွက်ဖွယ်များကို မှာကြားနိုင်ရေးအတွက် အားကစားဝန်ကြီးဌာန ဝန်ကြီးအပါအဝင် အားကစားကဏ္ဍမှ တာဝန်ရှိသူများကို ယနေ့တွေ့ဆုံ မှာကြားရခြင်းဖြစ်ကြောင်း။

အရှေ့တောင်အာရှ၌ထိပ်တန်းရောက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်က အားပေး ဆောင်ရွက်လျက်ရှိရာ၌ ဘောလုံးအားကစားနည်း အပါအဝင် အောင်မြင်တိုးတက် ရှေ့တန်းရောက်ရှိလာသည့် အားကစားနည်းများကို အရှေ့တောင်အာရှတွင် ထိပ်တန်းရောက်ရှိစေရအောင် အာရုံစူးစိုက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ဘောလုံးအားကစားနည်းတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများအနေဖြင့် အမျိုးသားဘောလုံးအသင်းတွင် အသက်(၁၆)နှစ်အောက်၊ အသက် (၁၈)နှစ်အောက်၊ အသက် (၂၀) နှစ်အောက်နှင့် အသက် (၂၃)နှစ်အောက် အမျိုးသား လက်ရွေးစင် ဘောလုံးအသင်းများအပြင် အမျိုးသမီးဘောလုံးအသင်းသည်လည်း အောင်မြင်မှုများ ရရှိဖြစ်ထွန်းလျက်ရှိရာမှ ယခုအခါတွင် အောင်နိုင်မှုများတန့်နေသည့် အခြေအနေရှိနေသဖြင့် အောင်နိုင်မှုများ ပြန်လည်ရရှိပြီး ထိပ်တန်းရောက်သည်အထိ ဆက်လက် တိုးမြှင့်နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ဖွယ်ရာများကို ပြုပြင်သွားကြရမှာဖြစ်ကြောင်း။

စနစ်တကျမြှင့်တင်

ယခုအချိန်အခါတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို သွေးသစ်လောင်းပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာဘောလုံးလက်ရွေးစင် အားကစားသမားများ ရွေးချယ်လေ့ကျင့်ပျိုးထောင်မှုများကို စနစ်တကျ မြှင့်တင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

စနစ်တကျလေ့ကျင့်နိုင်ရေးအတွက် စံချိန်မီ ဘောလုံးလေ့ကျင့်ကွင်းများ တိုးတက်ဖော်ထုတ် ဆောက်လုပ်သွားရေးနှင့် ရှိပြီးအားကစားကွင်းများကို အဆင့်မြှင့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားရေးတို့အတွက်စီမံချက်များချမှတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ညှိနှိုင်းရွေးချယ်

အလားတူပင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတိုင်းတွင် အဆင့်အတန်းပြည့်မီပြီး စွမ်းဆောင်ရည်မြင့်မားသည့် နည်းပြများ၊ နည်းစနစ်မှူးများ ပြည့်စုံလုံလောက်အောင် တာဝန်ပေးအပ် လေ့ကျင့်ပေးသွားကြရမှာဖြစ်ကြောင်း။

မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားများ ရွေးချယ်ရာ၌လည်း မှန်ကန်တည့်မတ်စွာရွေးချယ်နိုင်ရေးအတွက် တစ်ဦးတစ်ယောက်တည်း၏ သဘောဖြင့်မဟုတ်စေဘဲ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တိုင်ပင်ညှိနှိုင်းရွေးချယ်ကြရန် မှာကြားလိုကြောင်း။

အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ရာ၌လည်း ကျန်းမာရေးနှင့်ညီညွတ်ရေး၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းရေး၊ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်ရေးတို့အတွက် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

စခန်းသွင်းလေ့ကျင့်ရာ၌ အဆင့်အတန်းမြင့်မြင့်မားမားဖြင့် နေထိုင်စားသောက်နိုင်ရေး၊ အာဟာရပြည့်ဝသည့် အင်အားဖြည့် ရိက္ခာများကို ဆရာဝန်၏ကြပ်မတ်မှုဖြင့် ပြည့်ဝစွာ စားသုံးနိုင်ရေး၊အားကစားသမားတစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေကို ပုံမှန်စစ်ဆေးပြီး စနစ်တကျ မှတ်တမ်းတင်ထားနိုင်ရေးတို့အတွက် တာဝန်ရှိသူအသီးသီးက အနီးကပ် စစ်ဆေးကြပ်မတ်သွားကြရန်မှာကြားလိုကြောင်း။

အင်အားပြည့်ကျွေးမွေး

အားကစားသမားများအားအာဟာရပြည့်မီသည့် အင်အားပြည့် အစားအစာများ ပြည့်ပြည့်ဝဝ ကျွေးမွေးနိုင်ရေးအတွက် လက်ရှိသုံးစွဲနေသည့် ဘဏ္ဍာငွေပမာဏထက် တိုးမြှင့်သုံးစွဲနိုင်စေရအောင် နိုင်ငံတော်အပိုင်းက လိုအပ်သည်များ ပံ့ပိုးပေးမှု၊ ညှိနှိုင်းပေါင်းစပ်ပေးမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

အားကစားဝတ်စုံများ၊ ခေတ်မီလေ့ကျင့်ရေးနှင့် အားကစားပစ္စည်းများ စသည့် အားကစားသမားတစ်ဦးချင်း၏ လိုအပ်ချက်များကိုလည်း ပြည့်စုံစွာ ဖြည့်ဆည်းစီမံပေးသွားရမှာဖြစ်ကြောင်း။

အားကစားသမားများ နေထိုင်စားသောက်လေ့ကျင့်မှု အဆင့်အတန်း စနစ်ကျန မြင့်မားစေရေး၊ အားကစားအသင်းတိုင်းတွင် အနီးကပ်ကျန်းမာရေး စောင့်ရှောက်ပေးမည့် ဆရာဝန်ရှိစေရေး၊နည်းစနစ်မှန်ကန်စွာလေ့ကျင့်ပျိုးထောင်နိုင်ရေးတို့အတွက် တာဝန်ရှိသူအသီးသီးက အနီးကပ်ကြပ်မတ်စစ်ဆေးပြီး လိုအပ်ချက်များ၊ပြုပြင်ဖွယ်ရာများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

အခြားသော အားကစားနည်းများတွင်လည်း ဘောလုံးအားကစားနည်းနှင့် အလားတူ ယခုမှာကြားခဲ့သည့် အားကစားမြှင့်တင်ရေးအတွက် စီမံဆောင်ရွက်ဖွယ်များကို တာဝန်ရှိသူအသီးသီးက စနစ်တကျ စီမံချက်များ ချမှတ်ပြီး အနီးကပ်ကြီးကြပ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သုဝဏ္ဏအားကစားဝင်းအတွင်းရှိ ယူ(၁၇)နှင့် ယူ(၁၈) အမျိုးသားလူငယ်ဘောလုံးအသင်းအား ထားရှိသည့် အိပ်ဆောင်အမှတ် (၁)၊ အားကစားသမားများ စားရိပ်သာနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီး အားကစားသမားများ အိပ်ဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားနည်းချက်များကို ပြုပြင်ရန်မှာကြားပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဘောလုံးကွင်းသစ်ဖော်ထုတ်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘောလုံးလေ့ကျင့်ကွင်းများ ဖော်ထုတ်နိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှုပြီး ဘောလုံးကွင်းအသစ်များဖော်ထုတ်သွားရေး မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အားကစားသိပ္ပံမှ ရွေးချယ်ထားသော အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျိုက္ကဆံအားကစားနှင့် ကာယပညာသိပ္ပံမှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဗိုလ်ချုပ်လှထွန်း မကွေးတိုင်း၌ ဌာနဆိုင်ရာလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်မှ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ၃၁ရက်နံနက်ပိုင်းတွင် ညောင်ဦးမြို့သို့ရောက်ရှိရာ ညောင်ဦးမြို့ မြန်မာ့စီးပွားရေးဘဏ်ရုံး၌ ညောင်ဦးမြို့နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း ချောက်မြို့နယ်သို့ရောက်ရှိ၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်အတွင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံးအသစ်တည်ဆောက်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဆောက်အအုံဆောက်လုပ်ရာတွင် ရေရှည်ခိုင်မြဲစေရေးအတွက် ဂရုစိုက်၍ ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည်ချောက်မြို့နယ်ရှိမြန်မာ့အသေးစားချေးငွေလုပ်ငန်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိ၍ မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၌ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

အားကစားတိုးတက်မြင့်မားရေး

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ၌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ဘောလုံး အားကစားနှင့် အားကစားကဏ္ဍအသီးသီးတွင် တိုးတက်မြင့်မားရေးအတွက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

မိုးထိမြင့်တိုင်

ရာဇပလ္လင်၊ နန်းဥကင်နှင့်
အားအင်လက်ရုံး၊ မိုးသို့ချွန်းသည့်
ဟိုတုန်းကခေတ်၊ ပြန်တွေးစစ်သော်
မျိုးချစ်အောင်လံ၊ ဝဲလွင့်ပျံ၍
ရန်ဟူသမျှ၊ မြေခဦးကျိုး
ခြေသုတ်ကြိုးနှယ်
ဝပ်လျိုးတုပ်ပျပ်၊ ငြိမ်းချုပ်လတ်အောင်
သတ္တိအစွမ်း၊ အံ့မခန်းမျှ
တစ်ဝန်းကမ္ဘာ၊ ကျော်ခဲ့ပါသည်
မြန်မာဂုဏ်မြင့်ခဲ့သည် တကား။

ထီးသုဉ်း နန်းသုဉ်း၊ မြို့လည်းသုဉ်း၍
ရှုံးရအမှန်၊ သုဉ်း သုံး တန်ဝယ်
မှန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွကာ
မီးထလျှံတောက်၊ သူ့ကိုခြောက်လျက်
မကြောက်ဘိသေး၊ လွတ်လပ်ရေးကို
ပေးလော့ခြောင်းခြောင်း၊ ငါတို့တောင်း၍
စုပေါင်းအားပြု၊ တိုက်ခဲ့ကြ၏
မြန်မာ့မြေအား၊ တိုင်းတစ်ပါးက
ထိပါးမခံ၊ တပ်လှန့်သံနှင့်
တွန်းလှန်ရဲစွာ၊ အောင်ခဲ့ပါသည်
မြန်မာဂုဏ်တင့်ခဲ့သည် တကား။

"ရာဇဝင်တစ်ခေတ်၊ သစ်ခဲ့ဖူးသည်"
"သူ့ကျွန်အဖြစ်၊ နစ်ခဲ့ဖူးသည်"
"ဇာနည်မျိုးချစ်၊ စစ်ခဲ့ဖူးသည်"
ပြည်မြန်မာသား၊ ငါတို့ကားလျှင်
မခြားမကွဲ၊ တစ်စိတ်ထဲပင်
ရဲရင့်အားမာန်၊ ခြင်္သေ့ဟန်သို့
ဖြောင့်မှန်စည်းလုံး၊ ညီညွတ်ထုံးဖြင့်
ကျင့်သုံးခိုင်ကြံ့၊ စိတ်နေခံ့သော်
နိုင်ငံ့သိက္ခာ၊ နေသို့ဖြာလျက်
မြန်မာတို့၏၊ ဂုဏ်အရှိလျှင်
မိုးထိမြင့်တိုင် ခိုင်လိမ့်တကား။ ။

ခွန်ရဲသွေး(အေးသာယာ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထွေထွေသုံး စုဝေးခန်းမတည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အထွေထွေသုံးစုဝေးခန်းမကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အထွေထွေသုံးစုဝေးခန်းမကြီး တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် လုပ်ငန်းခွင်ရှင်းလင်းခန်းမတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဌာနမှူး ဦးဇော်ဝင်းတို့က အထွေထွေသုံးစုဝေးခန်းမကြီး တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ စုဝေးခန်းမတွင် လျှပ်စစ်မီးနှင့် အသံဘက်ဆိုင်ရာလုပ်ငန်းများ တပ်ဆင်မည့်အစီအစဉ်၊ မြေယာရှုခင်းပြုပြင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အထွေထွေသုံးစုဝေးခန်းမကြီး အမြန်အသုံးချနိုင်ရေးအတွက် တည်ဆောက်မှုလုပ်ငန်းများကို အချိန်စောပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး အထွေထွေသုံးစုဝေးခန်းမတည်ဆောက်ရေးလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်း မိတ္ထီလာမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ကျောင်းသစ်ကျောင်း၏ နှစ်စဉ်ကျင်းပအပ်သော ၁၀ ရက်တရားစခန်းပွဲကို (ဖေဖော်ဝါရီ ၁၀ရက်မှ ၁၉ရက်အထိ) ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာနနာယကဆရာတော်ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ B.A)က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အထွေထွေသုံး စုဝေးခန်းမကြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အထွေထွေသုံး စုဝေးခန်းမကြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လှူဒါန်းမှုအစုစု ရေစက်သွန်းချ

ရန်ကုန် ဖေဖော်ဝါရီ ၂

နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနေ မြန်မာ့လက်ရာကုမ္ပဏီလီမိတက် ဦးညွန့်ငယ်ထွေးနှင့် ဇနီး ဒေါ်နီနီမာ မိသားစုတို့က ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော် ကုန်းတော် တည်ငြိမ်ခိုင်ခံ့စေရန် လိပ်သဲကျောက်ချခြင်းလုပ်ငန်း၊ဂေါပကရုံး ဘုရားဆောင်၊ ဧည့်ခန်းအတွင်းပိုင်း မြန်မာ မှုနှင့် ပါကေးခင်းခြင်းလုပ်ငန်းနှင့်ရေလယ်စေတီတော်လိုဏ်အတွင်း၌ ကျောက်စိမ်းပန်းအိုး လေးအိုးလှူဒါန်းခြင်းအတွက် ကုန်ကျငွေ ကျပ် ၅၁၄၁၂၅၀ အတွက် ရေစက်ချ အခမ်းအနားကိုယနေ့နံနက်က ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်တန်ဆောင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုမြိ ထံမှ ငါးပါးသီလခံယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၁၀၉)**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း (၉၈)ကြိမ်မြောက် ကျောင်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်းစစ်ရေးပြကွင်း၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လက်တွေ့လုပ်ငန်းထူးချွန်ဆုရ ကျောင်းသားအမှတ်(၃) ဆဌေထွန်း၊ သစ်ထုတ်ရေးဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ် (၆၇) ချမ်းအေးနှင့် အားကစားထူးချွန်ဆုရ ကျောင်းသားအမှတ် (၁၂၂)ရဲဝင်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက်ဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလိုက်နာဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရေး၊ သစ်တောမူဝါဒခြောက်ရပ်ကို ပြည်သူများအား ပညာပေးစည်းရုံးဆောင်ရွက်သွားရေး၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ငါးရပ်ဖြစ်သော ပြည်ပဝင်ငွေလျာထားချက် ပြည့်မီရေး၊ တရားမဝင် သစ်များတားဆီးရေး၊ ရေဝေရေလဲစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး၊ ကျွန်းအထူးစိုက်ခင်းများ အပါအဝင် သစ်တောစိုက်ခင်းများအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ ကျောင်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲကို သစ်တောကျောင်းခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘာသာရပ်အလိုက် ထူးချွန်ဆုရ ကျောင်းသားများအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက သင်တန်းအလိုက် ထူးချွန်ဆုရ ကျောင်းသားများအား လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဝိုင်အမ်ဘီအေအသင်းကြီး နှမ်းမနဲ့ထိုးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

YMBA အသင်းကြီး၏ သတ္တမအကြိမ်မြောက် နှမ်းမနဲ့ထိုးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ကျင်းပ၍ ၁၄ ရက် (စနေနေ့)မွန်းတည့် ၁၂ နာရီမှစ၍ အသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ ဧည့်သည်များအား နှမ်းမနဲ့စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ ရှိ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)တွင် ကျင်းပမည်ဖြစ်သည်။ နှမ်းမနဲ့လှူဒါန်းလိုသူများသည် အသင်း ဖုန်း-၂၉၀၄၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စစ်ဆေး

ဖေဖော်ဝါရီ ၁ ရက်က အာဘီလ်မြို့ရှိ ကာ့ဒ်တို့၏ရုံးများကို ကားဗုံးခွဲတိုက်ခိုက် ခံရပြီးနောက် ပျက်စီးသွားသည့်နေရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်း အာဘီလ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွား

လူ ၅၇ဦးသေဆုံးပြီး ၂၃၅ဦး ဒဏ်ရာရရှိ

အာဘီလ် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံမြောက်ပိုင်းရှိ အာဘီလ်မြို့တွင် ကာ့ဒ်ပါတီများ၏ ရုံးများကို ဖေဖော်ဝါရီ ၁ရက်က နှစ်ကြိမ်အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၅၇ဦးထက်မနည်းသေဆုံးပြီး ၂၃၅ဦးမက ဒဏ်ရာရရှိကြောင်း အရာရှိများက ပြောကြားသည်။ ကာ့ဒ်ဝန်ကြီးတစ်ဦးက သေဆုံးသူ ၁၀၀ကျော်ရှိနိုင်သည်ဟု ပြောဆိုသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် အယာတိုလာအာကီယာ အယ်လ်ဟာကင် သေဆုံးခဲ့သည့် ဩဂုတ် ၂၉ရက်က နာဂျက်ဖ်မြို့၌ ကားဗုံးခွဲမှုဖြစ်ခဲ့ချိန်ကစပြီး လူအသေအပျောက်အများဆုံး ဖြစ်သည်ဟု ယုံကြည်ရသည်။

မသိရ

မကြာသေးသော သီတင်းပတ်များအတွင်း၌ အသေခံကားဗုံးခွဲမှုများ အီရတ်တွင် ဆက်တိုက်ဖြစ်ခဲ့ပြီး တနင်္ဂနွေနေ့ တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်းကမျှ မိမိတို့လက်ချက်ဖြစ်ကြောင်း ပြောဆိုခြင်းမရှိပေ။

ထို့ပြင် ယင်းတနင်္ဂနွေနေ့၌ပင် ပိုလန်တပ်ဖွဲ့များ ထိန်းချုပ်ထားသော အီရတ်အလယ်ပိုင်း၏တောင်ဘက်ဒေသတွင် သိုလှောင်ထားသော လက်နက်ခဲယမ်း အစုအပုံတစ်ခုကို လုယက်ယူငင်ကြသော အီရတ် ၂၀ခန့် မတော်တဆပေါက်ကွဲမှု ဖြစ်ပြီး သေဆုံးခဲ့ရသည်ဟုသိရသည်။ ယင်း သိုလှောင်သိမ်းဆည်းထားသော လက်နက်ခဲယမ်းများသည် ဆက်ဒမ်ဟူစိန်၏တပ်က အသုံးပြုခဲ့သော လက်နက်ခဲယမ်းများ ဖြစ်ကြသည်ဟုဆိုသည်။

(အင်တာနက်)

ဖေဖော်ဝါရီ ၁ရက်က အာဘီလ်မြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ရုံးအဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျူးဘားနိုင်ငံကို အမေရိကန် ကျူးကျော်တိုက်ခိုက်လာလျှင် သေနတ်ကိုင်တိုက်ပွဲဝင်ရင်း အသေခံမည်ဟု သမ္မတကာက်စထရိုပြောဆို

ဟာဗားနား ဖေဖော်ဝါရီ ၁

ကျူးဘားသမ္မတ ဖီဒယ်လ်ကာက်စထရိုက အကယ်၍ မိမိအစိုးရကိုဖြုတ်ချဖို့အတွက် ကျူးဘားနိုင်ငံကို အမေရိကန်ပြည်ထောင်စုက ကျူးကျော်မည်ဆိုလျှင် မိမိသည်သေနတ်ကိုင်တိုက်ပွဲဝင်ရင်း အသေခံသွားရန် သန္နိဋ္ဌာန်ပြုကြောင်း သောကြာနေ့က ပြောကြားလိုက်သည်။

မိမိတို့နိုင်ငံကို သူတို့ကျူးကျော်လျှင် မိမိသေရမည်ကို မကြောက်သည်မှာ သေချာကြောင်း မိမိတိုက်ရင်း အသေခံမည်ဖြစ်ကြောင်း အသက်၇၇ နှစ်ရှိပြီဖြစ်သည့် ကျူးဘားခေါင်းဆောင်က ပြောကြားသည်။

တိုက်တွန်း

၁၉၆၀ပြည့်နှစ်များအတွင်း စီအိုင်အေက အကြိမ်ကြိမ်လုပ်ကြံခဲ့သော ကာက်စထရိုက ဘုရှ်အစိုးရအနေဖြင့် ယင်း၏မူဝါဒသည် နိုင်ငံခြားခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်ကြောင်းကို ကမ္ဘာအား အတိအလင်းကြေညာရန် တိုက်တွန်းလိုက်သည်။

စွပ်စွဲ

ယခုလအစောပိုင်း၌ ဘုရှ်အစိုးရ အရာရှိများက လက်တင်အမေရိကတွင် ဒီမိုကရေစီအစိုးရများ မတည်ငြိမ်စေရန် ကျူးဘားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံ၏ လက်ဝဲအစိုးရနှင့် ပူးပေါင်းကြောင်း စွပ်စွဲခဲ့ကြသည်။

ပြောကြား

မိမိတို့သည် ပဋိပက္ခကို မလိုလားသော်လည်း မိမိတို့၏ အခြေခံရပ်တည်ချက်ကို တစ်လက်မမျှ အလျှော့ပေးမည်မဟုတ်ကြောင်း ကုန်သွယ်ရေးလွတ်လပ်မှု လှုပ်ရှားသူများအစည်းအဝေး၌ ငါးနာရီခွဲကြာ မိန့်ခွန်းပြောကြားရာတွင် ကာက်စထရိုက ထည့်သွင်းပြောကြားသွားသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်ကိုတိုက်ရန် လက်နက်ကိစ္စအကြောင်းပြ ပြည်သူများကို ဘုရှ် လိမ်ညာခဲ့သလော

ဝါရှင်တန် ဖေဖော်ဝါရီ ၁

အီရတ်နိုင်ငံ၌ အမေရိကန်သမ္မတဘုရှ် အစိုးရအဖွဲ့ စွပ်စွဲထားသလို အစွမ်းထက်လက်နက်များ မတွေ့ရှိရသည့်အတွက် အမေရိကန်နိုင်ငံရေးလောကအတွင်း အဓိကပြဿနာဖြစ်လာပြီး အမေရိကန်သမ္မတအတွက် အခက်အခဲတွေ့စေခဲ့သည်။

အီရတ်နိုင်ငံ၌ လက်နက်များရှာဖွေရာတွင် ကိုးလတာကာလအတွင်း လူပေါင်း ၁၄၀၀ကို အသုံးပြုကာ စရိတ်စကများစွာ အကုန်အကျခံ သုံးစွဲခဲ့သည်။

မတွေ့ရှိ

အမေရိကန်လက်နက် စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးကို အထက်လွှတ်တော်ကော်မတီက မေးမြန်းရာ၌ အီရတ်အတွင်း စစ်ဘက်သုံး ဓာတုနှင့်ဇီဝလက်နက်များ အစုအပြုံလိုက် စုဆောင်းထားရှိခြင်းကို လုံးဝမတွေ့ရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။

အဖြေမပေး

အဆိုပါအချက်ကြောင့် ၂၀၀၂ ခုနှစ် မတ်လမှာ အီရတ်စစ်ပွဲဆင်နွှဲရန် အီရတ်လက်နက်များကို အကြောင်းပြခဲ့သည့် အမေရိကန်သမ္မတဘုရှ်သည် လိမ်ညာပြောဆိုခဲ့သည်လောဟုလူအများက မေးခွန်းထုတ် သိချင်လာကြသည်။ လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးကလည်း စီအိုင်အေအနေဖြင့် မှားယွင်းမှုများရှိခဲ့သည်ဟု စွပ်စွဲခဲ့ပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုခဲ့ရာ သမ္မတဘုရှ်က အဖြေမပေးသေးဘဲရှိသည်။

စွပ်စွဲ

ဒီမိုကရက်တစ်ပါတီဝင် သမ္မတလောင်းများက စီအိုင်အေကို ဖိအားပေးပြီး အမေရိကန်အစိုးရသည် ပြည်သူကို လိမ်ညာခဲ့သည်ဟု စွပ်စွဲလာကြသည်။

ယခုကဲ့သို့ အငြင်းပွားစရာ ပြဿနာရပ်များကြောင့် စီအိုင်အေ အကြီးအကဲအနေဖြင့် ရာထူးမှ နုတ်ထွက်ရဖွယ်ရှိကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

အီရတ်တွင် အမေရိကန်ဆန့်ကျင်ရေးတေးသံများခေတ်စားနေ

ဖော်လူဂျာ ဖေဖော်ဝါရီ ၁

အမေရိကန်ဆန့်ကျင်ရေးတေးသွားသည် ကခုန်ချင်စဖွယ်ဖြစ်ပြီး စာသားများမှာ ပြောက်ကျားစစ်ဆင်နွှဲကြရန် လှုံ့ဆော်ထားသည်။ အမေရိကန်တွေသည် ဘဂ္ဂဒက်မြို့တော်ကို ကျူးကျော်သိမ်းပိုက်ရန်လာကြပြီး အီရတ်တပ်မတော်နှင့် ပြည်သူများလက်ဝယ်တွင် လက်နက်နှင့် ခဲယမ်းများရှိထားကြသည်။ အလာရှင်၏ အလိုတော်နှင့်အညီ ထကြွတိုက်ခိုက်ကြကုန်လောဟု အဓိပ္ပာယ်ဆောင်သော တေးသွားကို အသံရှင်ဆာဘာအယ်ဂျီနာဘီက သီဆိုထားသည်။

အမေရိကန်များက အီရတ်လေလှိုင်းအတွင်း ရေဒီယိုအသံလွှင့်ရုံများမှ တစ်ဆင့် အနောက်တိုင်းနှင့် အာရပ်ခေတ်ပေါ်တေးများကိုလိမ့်၍ လွှင့်ထုတ်နေသည်။ အီရတ်လေလှိုင်းကို နားလျှံလောက်အောင်စိုးမိုးထားသည်။ သို့သော် စီဒီဓာတ်ပြားများနှင့် ကတ်ဆက်တိပ်ခွေနယ်ပယ်၌မူ အမေရိကန်တို့ အကြိတ်အနယ်ယှဉ်ပြိုင် စစ်ဆင်ရဖွယ်ရာရှိသည်ဟု ဆိုသည်။

အမေရိကန်ဦးဆောင်သော ကျူးကျော်သိမ်းပိုက်ရေးအဖွဲ့သည် အီရတ်နိုင်ငံ၌ ညွန့်ပေါင်းတပ်ဖွဲ့များနှင့် အီရတ်များအပေါ် တိုက်ခိုက်မှုကို လှုံ့ဆော်သည့် မီဒီယာများပိတ်ပင်ထားသည်။ သို့ရာတွင် ဘဂ္ဂဒက်မြို့တော် ဖော်လူဂျာမြို့နှင့် ရာမာဒီမြို့များတွင် အယ်ဂျာနာဘီ၏ တေးသွားများသည် လူကြိုက်များ ရေပန်းစားလျက်ရှိကြောင်းသိရသည်။ ထိုတေးသွားများက ကျူးကျော်ဖိနှိပ်သူများကို ဆန့်ကျင်တိုက်ခိုက်ရန် လှုံ့ဆော်လျက်ရှိသည်။

စီဒီဓာတ်ပြားဆိုင်များနှင့် ကတ်ဆက်ဆိုင်များသည် ထိုတေးများကို ကိုယ်ပိုင်စတူဒီယိုအသံသွင်းစက်များဖြင့် ထုတ်လုပ်နေကြဟန်ရှိပြီး တစ်ခုလျှင် အီရတ်ငွေ ဒီနာ ၂၀၀၀ (ဒေါ်လာ ၁ ဒသမ ၂၅)ခန့်ဖြင့် ရောင်းချနေကြသည်။

(အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အင်္ဂါဂြိုဟ်၌ အိုင်းယွန်းအောက်ဆိုဒ်သံရိုင်းတွေ့ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁

နာဆာမှ အင်္ဂါဂြိုဟ်သို့စေလွှတ်ခဲ့သော ဒုတိယမြောက် စူးစမ်းလေ့လာရေး ဂြိုဟ်ဆင်းယာဉ်ဖြစ်သော အော့ပိကျူနီတီထံမှ အင်္ဂါဂြိုဟ်ပေါ်တွင် အိုင်းယွန်းအောက်ဆိုဒ်သံရိုင်းကိုတွေ့ရှိရကြောင်း ပေးပို့ချက်ကိုရရှိခဲ့သည်။ အဆိုပါသံရိုင်းသည် ရေ၌အဓိကအားဖြင့်ပါဝင်ဖွဲ့စည်းခြင်းဖြစ်သည်။ အဆိုပါ ဟေမတိုက်သံရိုင်းတွေ့ရှိမှုက ခြောက်သွေ့ပြီး ဖုန်ထူသော အင်္ဂါဂြိုဟ်ပေါ်၌ တစ်ချိန်တစ်ခါက စိုစွတ်ခဲ့ဖွယ်ရှိသည်ဟု ညွှန်ပြနိုင်စရာ ဖြစ်လာသည်။ အော့ပိကျူနီတီသည် ဟေမတိုက်သံရိုင်းကို ၎င်း၌ တပ်ဆင်ထားသောအသေးစား အပူလွှတ် ရောင်စဉ်တိုင်း ကိရိယာနှင့် တိုင်းတာနိုင်ခြင်းဖြစ်သည်။ အဆိုပါကိရိယာသည် အနီအောက်ရောင်ခြည် ဓာတ်ရောင်ခြည်သင့်မှုကိုလည်း တိုင်းတာသည်။ အော့ပိကျူနီတီနှင့်စပရစ်အမည်ရှိ ဂြိုဟ်ဆင်းယာဉ်များသည် အင်္ဂါဂြိုဟ်၏ ဘူမိသမိုင်းကြောင်းကို လေ့လာရန်နှင့်အင်္ဂါဂြိုလ်၌ ရေရှိနိုင်မရှိနိုင်ကို လေ့လာရာတွင် ပါဝင်မည်ဖြစ်သည်။

(စီစီတီဗွီ)

မိုင်ဒွန်းမ် ကွန်ပျူတာဗိုင်းရပ်စ် ရုရှားမှစတင်ဖွယ်

မော်စကို ဖေဖော်ဝါရီ ၁

ကမ္ဘာတစ်ဝန်းရှိ အင်တာနက်များတွင် ယခုလတ်တလော ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးနေသည့် မိုင်ဒွန်းမ်ကွန်ပျူတာဗိုင်းရပ်စ်သည် ရုရှားနိုင်ငံမှ စတင်ဖွယ်ရှိကြောင်း ကွန်ပျူတာဗိုင်းရပ်စ်တိုက်ဖျက်ရေး သုတေသီ ယက်ဗ်ဂနီကတ်ဆဝါစကီးက ပြောကြားလိုက်သည်။ မိုင်ဒွန်းမ်ဗိုင်းရပ်စ်သည် မိုက်ကရိုဆော့ဝက်ဘ်ဆိုက်များကို အင်တာနက်၊ အီးမေးလ်မှတစ်ဆင့် ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးခြင်းဖြစ်သည်။ အဆိုပါ ဗိုင်းရပ်စ်ကို ဖန်တီးသူအား တွေ့ရှိနိုင်ရန် ကူညီဆောင်ရွက်နိုင်သူကို အမေရိကန်ဒေါ်လာနှစ်သိန်းခွဲ ပေးမည်ဟု မိုက်ကရိုဆော့ ကုမ္ပဏီက ပြောကြားခဲ့ကြောင်း သိရသည်။

(စီစီတီဗွီ)

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အပြစ်မဲ့ အီရတ်ပြည်သူအများအပြား သေကျေဒဏ်ရာရ

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်များ၏ အီရတ်နိုင်ငံကို မတရားကျူးကျော် တိုက်ခိုက်သိမ်းပိုက်မှုကြောင့် အီရတ်ပြည်သူတို့မှာ စစ်ဘေး စစ်ဒဏ် သင့်ခဲ့ကြရသည်။ ကျူးကျော်စစ်ကြောင့် အီရတ်လူမျိုးအများအပြား သေသူသေ၊ ဒဏ်ရာရသူရခဲ့ကြသည်။ သားတစ်ကွဲ မယားတစ်ကွဲ၊ လင်သေ သားဆုံး ဖြစ်ကြရသည်။ မိကွဲ ဘကွဲဖြင့် မိဘမဲ့ဘဝရောက်ကြရသော ကလေးငယ်များလည်း အီရတ်တစ်နိုင်ငံလုံးတွင် ထောင်နှင့်ချီပြီး ရှိခဲ့ကြသည်။

၂၀၀၃ခုနှစ် မေ ၁၉ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ပေါက်ကွဲမှုဖြစ်ပွားပြီး အီရတ်ပြည်သူအများအပြား သေဆုံးဒဏ်ရာရခဲ့ရာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည့် အီရတ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗုံးကြဲတိုက်ခိုက်မှုကြောင့် လွတ်ရာပြေး

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူ အများအပြား သေကျေခဲ့ကြရသည်။

(ပုံမှာ ၂၀၀၃ခုနှစ် ဧပြီ ၁၁ ရက်က ဘဂ္ဂဒက်၌ ဗုံးကြဲတိုက်ခိုက်စဉ်အတွင်း အီရတ်အမျိုးသမီးတစ်ဦး ၎င်း၏ကလေးငယ်ကိုပွေ့ချီကာ ဘေးလွတ်ရာသို့ ထွက်ပြေးလာစဉ်။)
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တို့၏ကျူးကျော်စစ်ကြောင့် အပြစ်မဲ့အီရတ်ပြည်သူများ သေကျေဒဏ်ရာရ

အမေရိကန်နှင့်အပေါင်းပါတို့၏ အီရတ်နိုင်ငံကို မတရားကျူးကျော် တိုက်ခိုက်မှုကြောင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာလအထိ အပြစ်မဲ့အီရတ်ပြည်သူများ သေကျေဒဏ်ရာရခဲ့သည်ကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။

အကြောင်းအရာ	သေဆုံးသူဦးရေ
လမ်းဘေးဗုံးကွဲခြင်း	၁၄
သေနတ်ကျည်ထိမှန်ခြင်း	၂၈၃
လေကြောင်းမှတိုက်ခိုက်ခြင်း	၁၂၇၁
ကလပ်စတာဗုံးပေါက်ကွဲခြင်း	၂၇၉
ကားဗုံးပေါက်ကွဲခြင်း	၈၉
အခြားဖြစ်စဉ်များ	၇၈၆၅
စုစုပေါင်း	**၉၈၀၁**

၂၀၀၃ခုနှစ် စက်တင်ဘာ ၁၃ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် မဆင်မခြင် ပစ်ခတ်လိုက်သဖြင့် အီရတ်တစ်ဦး ဒဏ်ရာရရှိသွားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

၂၀၀၃ခုနှစ် မေ ၃၁ရက်က ဘဂ္ဂဒက်ဆေးရုံတစ်ရုံ၌ အမေရိကန်တို့ ကြဲချသော ဗုံးပေါက်ကွဲ ထိမှန်သဖြင့် ဒဏ်ရာရရှိသွားသည့် အီရတ်ကလေးနှစ်ဦးကိုတွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ ကျောင်းသား ကျောင်းသူများ ဒေသအတွင်း၌ပင် အဆင့်မြင့်ပညာများ သင်ယူနိုင်ရန်အတွက် ကျိုင်းတုံမြို့နယ်တွင် တည်ဆောက်ထားသည့် ကျိုင်းတုံဒီဂရီကောလိပ်အဆောက်အအုံသစ်ကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း သွားလာ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် လွယ်တော်ခမ်း ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော လွယ်တော်ခမ်း တံတားကိုတွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုများ

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
လမ်းပန်းဆက်သွယ်ရေး		
ကတ္တရာလမ်း(မိုင်)	၁၁၀	၂၁၄
မြေလမ်း(မိုင်)	၂၅၈	၃၁၄
တံတား(ပေ ၁၈၀အထက်)	၄	၈
ပညာရေး		
အခြေခံပညာကျောင်းများ	၃၅၅	၆၁၁
သင်/ထောက်ကူစာသင်ခန်း	-	၁၈
E-Library	-	၁၁
ကောလိပ်/တက္ကသိုလ်	-	၃
ကျန်းမာရေး		
ခုတင်(၂၀၀)ဆံ့ဆေးရုံ	-	၁
ခုတင်(၅၀)ဆံ့ဆေးရုံ	၁	၃
(၂၅)ခုတင်ဆံ့ဆေးရုံ	၁	၆
(၁၆) ခုတင်ဆံ့ဆေးရုံ	၂	၈
နယ်စပ်ဆေးရုံ	-	၆
ကျေးလက်ကျန်းမာရေးဌာန	၁၈	၂၄
တိုင်းရင်းဆေးခန်း	-	၁
နယ်စပ်ဆေးပေးခန်း	-	၂၀

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
အသားတင်စိုက်ပျိုးမြေဧရိယာ	၁၇၉၄၈၉	၂၇၄၉၅၀
တစ်နှစ်ပတ်လုံးစိုက်ပျိုးမြေဧရိယာ	၂၀၅၈၂၁	၃၃၇၃၂၉
ကုန်းမြင့်လယ်ယာမြေ	-	၂၅၀၀၀
ဆည်/တမံ	၅	၁၇
ဆက်သွယ်ရေး		
မိုက္ကရိုဝေ့ဗ်	-	၁၁
စာတိုက်	၁၁	၂၆
ကြေးနန်းရုံး	၂	၂၀
အော်တိုအိတ်ချိန်း	၄	၃၃
တယ်လီဖုန်း	၂၅၁၀	၇၄၆၅
လျှပ်စစ်စွမ်းအား		
ရေအားလျှပ်စစ်	-	၂
ပြန်ကြားရေး		
မြန်မာ့အလင်း၊ ကြေးမုံ		
ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)	-	၁
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၃	၁၂
ပြန်/ဆက်ရုံး	-	၁၄
စာကြည့်တိုက်		

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့တွင် ဘိန်းပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

လိမ္မော်စိုက်ခင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသ၌ စိုက်ပျိုးထားသော ဘိန်းအစားထိုးသီးနှံ လိမ္မော်စိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ်တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

လွတ်လပ်ပြီးစ နုနယ်သောသက်တမ်းကာလမှာပင် မြန်မာနိုင်ငံသည် လက်နက်ကိုင် ပဋိပက္ခမီးလျှံကို ရင်ဆိုင်ခဲ့ရသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)သည် တရားသေ လက်ဝဲအစွန်းရောက်ဝါဒကို ကိုင်စွဲပြီး ၁၉၄၈ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖဆပလအစိုးရအား လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ယင်းနောက် တိုင်းရင်းသားအချို့သည်လည်း အစွန်းရောက်လူမျိုးရေးဝါဒနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုဖြင့် ၁၉၄၉ ခုနှစ် နှစ်ဦးပိုင်းတွင် လက်နက်ကိုင်ဆန့်ကျင် တိုက်ခိုက်ခဲ့ကြသဖြင့် နိုင်ငံနှင့်အဝန်း လောင်ကျွမ်းလာသော လက်နက်ကိုင် ပဋိပက္ခမီးသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို ပျက်ပြားစေခဲ့သည်။ ပြည်သူတို့၏ အသက်များစွာသေကျေ ဆုံးရှုံးခဲ့ရသည်။

ယင်းအခြေအနေအရပ်ရပ်သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်လာခဲ့သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့အား အနိဋ္ဌာရုံခရီးကြမ်းကို ဖြတ်သန်းစေခဲ့သည်။ ထို့ကြောင့်လည်း ဖဆပလအစိုးရ၊ ပထစအစိုးရနှင့် လမ်းစဉ်ပါတီအစိုးရတို့သည် လက်နက်ကိုင် ပဋိပက္ခမီးလျှံအား ငြိမ်းသတ်ရေးအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဥပဒေထုတ်ပြန်ခြင်း၊ တွေ့ဆုံဆွေးနွေးရေးပြုလုပ်ခြင်းတို့ဖြင့် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း လက်နက်ကိုင် ပဋိပက္ခမီးလျှံသည် တောက်လောင်မြဲ တောက်လောင်နေခဲ့သည်။ ငြိမ်းချမ်းရေးဆိုသည်မှာ မျှော်လေလေ ဝေးလေလေ ဖြစ်ခဲ့သည်။

၁၉၇၅ ခုနှစ် မတ်လတွင် ဗကပဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သေဆုံးခဲ့ရာ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)သည် ၎င်းတို့၏ ဌာနချုပ်ဗဟိုဖြစ်သော ပဲခူးရိုးမဒေသကို စွန့်လွှတ်လိုက်ရတော့သည်။ ယင်းနောက် ဗကပတို့သည် ၎င်းတို့၏ ဗဟိုဌာနချုပ်ကို အရှေ့မြောက်ဒေသတွင်း ထားရှိခဲ့သည်။ ၁၉၈၀ပြည့်နှစ် အလွန်ကာလများတွင် ဗကပသည် ပြည်ပအကူအညီများမရရှိတော့၍ ဘိန်းဖြူချက်လုပ်ရောင်းချ ဖြန့်ဖြူးသော လုပ်ငန်းကို သိက္ခာမဲ့စွာ လုပ်ဆောင်ခဲ့ကြသည်။ ဗကပသည် နိုင်ငံရေးအရ၊ စည်းရုံးရေးအရ သိက္ခာကျလာသကဲ့သို့ မြန်မာ့တပ်မတော်၏ ထိုးစစ်များကြောင့် စစ်ရေးစွမ်းရည်နှင့် အင်အားများလည်း ကျဆင်းလာခဲ့သည်။

ဤသို့အားဖြင့် ၁၉၈၅ ခုနှစ် တွင် ဗကပ တို့သည် ပြည်ပ

နိုင်ငံတော် အစိုးရ၏ စေတနာနှင့် လုပ်ရပ်များအပေါ် သိရှိနားလည် သဘောပေါက်လာကြသဖြင့် ဗကပ(ရခိုင်ပြည်နယ်)အဖွဲ့သည် ဤသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။

လဂွန်းအိမ်

ကွန်မြူနစ် နိုင်ငံများ၏ ထောက်ခံမှုမရရှိခြင်း၊ တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ် မချမှတ်နိုင်ခြင်းတို့ကြောင့် ဗကပ၏ နိုင်ငံရေး၊ စည်းရုံးရေး အခြေအနေသည် အနုတ်လက္ခဏာ ဖြစ်လာခဲ့သည်။ ယင်းအခြေအနေအရ ဗကပတို့အား ယုံစားပြီး ပူးပေါင်းခဲ့သော ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များသည် ဗကပနှင့် ဆက်လက်ပြီး လက်တွဲနေပါက ကိုးကန့်တိုင်းရင်းသားများအတွက် မည်သည့်အကျိုးစီးပွားမျှ မရရှိနိုင်ဟု သုံးသပ်ကြပြီး ဗကပမှ ခွဲထွက်ရန် ကြိုးပမ်းလာခဲ့ကြသည်။ ကိုးကန့် တိုင်းရင်းသားများ ခွဲထွက်မည်ကို ရိပ်စားမိလာသော ဗကပ ဗဟိုကော်မတီသည် ပြန်လည် စည်းရုံးရေးများ လုပ်လာခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ပြီး ၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဗကပမှ ကိုးကန့်တိုင်းရင်းသားများ ခွဲထွက်ခဲ့ကြသည်။ မတ်လ ၂၁ရက်နေ့တွင် ကိုးကန့်လက်နက်ကိုင်တပ် များက အပစ်အခတ်ရပ်ဆိုင်းကြောင်းနှင့် ယင်းမှတစ်ဆင့် ငြိမ်းချမ်းရေးရယူရန် ဆောင်ရွက်လိုကြောင်း၊ ငြိမ်းချမ်းရေး အကျိုးဆောင်များမှတစ်ဆင့် တပ်မတော်အစိုးရသို့ တင်ပြခဲ့သည်။

ထို့နောက် ၁၉၈၉ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ကိုးကန့်တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးရယူပြီး **"ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)"** အဖြစ် သတ်မှတ်၍ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထောက်ပံ့ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

အခြားတစ်ဖက်တွင်လည်း 'ဝ'တိုင်းရင်းသားလက်နက်ကိုင်များသည် ဗကပနှင့်ခွဲထွက်ပြီးနောက် တပ်မတော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၈၉ ခုနှစ် မေလ ၉ရက်နေ့တွင် 'ဝ'တိုင်းရင်းသားလက်နက်ကိုင် တို့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ 'ဝ' တိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် နိုင်ငံတော်၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံချက်နှင့် ဘိန်းပပျောက်ရေး စီမံကိန်းကို အကောင်အထည် ဖော်ဆောင် ရွက်လျက်ရှိသည်။ ယင်းဒေသအား နိုင်ငံတော်အစိုးရက **"ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၂)"**အဖြစ် သတ်မှတ်ခဲ့သည်။ 'ဝ' တိုင်းရင်းသား များသည် နိုင်ငံတော်အစိုးရ၏ ကူညီ ပံ့ပိုးမှုများဖြင့် ကိုယ့်အားကိုယ်ကိုး ရေအား လျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်မှု လုပ်ငန်းများ၊ လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းများ၊ ဘိန်းအစားထိုးနှစ်တိုနှစ်ရှည်စီမံကိန်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ဗကပတို့၏ အရှေ့မြောက်စစ်ဒေသတွင် ပါဝင်နေသော ရှမ်းပြည် လွတ်မြောက်ရေးတပ်မတော်သည်လည်း ဗကပမှခွဲထွက်ရန် ကြိုးပမ်းလာခဲ့သည်။ ၁၉၈၉ ခုနှစ် ဧပြီလ ၁၉ ရက်တွင် ဗကပမှခွဲထွက်ကြောင်း ကြေညာခဲ့သည်။ ယင်းနောက် တပ်မတော်နှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း ကမ်းလှမ်းခဲ့ရာ မေလ ၃၀ရက်နှင့် ဇွန်လ၇ ရက်နေ့တို့တွင် တပ်မတော် ကိုယ်စားလှယ်များက သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ယင်းတို့၏ သဘောထားမှာ ကိုးကန့်နှင့် "ဝ"တိုင်းရင်းသားများကဲ့သို့ ငြိမ်းချမ်းရေး ရယူပြီး နိုင်ငံတော်၏ဦးဆောင်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပြည်သူတို့နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ထို့နောက် ယင်းအဖွဲ့သည် ၁၉၈၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ယနေ့ကာလတွင် ယင်းတိုင်းရင်းသားများသည် နိုင်ငံတော်အစိုးရ၏ ပံ့ပိုး ဖြည့်ဆည်းမှုနှင့်အတူ နိုင်ငံဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် နှစ်တို/နှစ်ရှည် သီးနှံများစိုက်ပျိုးခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ တည်ထောင် ခြင်းတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၇ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် မိုင်းလားဒေသအား ဘိန်းမဲ့ဇုန်အဖြစ် ကမ္ဘာသိ ကြေညာနိုင်ခဲ့ပြီး ဖြစ်သည်အထိ ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

၎င်းမှာ ငြိမ်းချမ်းခြင်း၊ တည် ငြိမ်ခြင်းမှ ရရှိသော အသီး အပွင့်များ ဖြစ်သည်။ ဒေသအတွင်း ငြိမ်းချမ်းသည်နှင့်အမျှ ဒေသ အတွင်း

နိုင်ငံတော်အစိုးရနှင့်
တိုင်းရင်းသားပြည်သ
ဤသို့အားဖြင့်
နိုင်ငံတော် အစိုးရနှင့်
ဒေသခံ တိုင်းရင်
လက်တွေ့ကျကျ
နိုင်ငံတော်အစိုးရ၏
ချက်နှင့် တိုင်းရင်းသ
လည်းကောင်း၊ အခြ
များက နားလည် သ
(၁၀၁) စစ်ဒေသသ
ဥပဒေ ဘောင်အ

ကချင်ပြည်နယ်

ကချင်ပြည်နယ်
လမ်းပန်းဆက်သွယ်
သီးနှံများ စိုက်ပျိုး
ပြည်သူတို့နှင့်အတူ
တစ်ဆက်တည်
တိုင်းရင်းသားများ
ဆက်သွယ်ခဲ့သည်။
တိုင်း စစ်ဌာနချုပ်
အဖွဲ့သည် ဦးမထ
အဖွဲ့အား လားရှိုးမြို့
ကိုင် လမ်းစဉ်ကိုစွ
ရရှိခဲ့သည်။ ယင်း
ရက်နေ့မှစ၍ ဥပဒေ
"ရှမ်းပြည်နယ်(မြေ
သည်။ ယင်းဒေသ
ဘိန်းအစားထိုးသီးနှံ
အညီ ပူးပေါင်းဆေ
နိုင်ငံတော်အစိ
ဖွံ့ဖြိုးတိုးတက်ရေး

ငြိမ်းချမ်းရေးသည် တို့စီးပွား ညီညွတ်ရေးသ

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကချင်ပြည်နယ် နောင်မွန်းဒေသမှ တိုင်းရင်းသားခေါင်းဆောင်များအား အမှတ်တရလက်ဆောင်ပစ္စည်း ခဲ့သည်။

...တ်ရေးသည် တို့အင်အား

...တီ ဥက္ကဋ္ဌ နိုင်ငံတော် အကြီးအကဲ ...ာရလက်ဆောင်ပစ္စည်းများပေးအပ်

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများသည်လည်း တစ်ဟုန်ထိုး တိုးတက် ဖွံ့ဖြိုးလာခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗကပမှ ခွဲထွက်လာခဲ့သော ရှမ်းပြည်တပ်မတော် (SSA) သည်လည်း တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူလိုကြောင်း၊ငြိမ်းချမ်းရေးအကျိုးဆောင်မှ တစ်ဆင့် ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် အကြောင်းကြား ကမ်းလှမ်းလာခဲ့သည်။

ယင်းကမ်းလှမ်းချက်အရ ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၀ ရက် နေ့တွင် တပ်မတော် ကိုယ်စားလှယ်အဖွဲ့နှင့် ဒုဥက္ကဋ္ဌ ဆေးထင်ခေါင်းဆောင်သော (SSA) ကိုယ်စားလှယ်အဖွဲ့သည် လားရှိုးမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် (SSA)အဖွဲ့သည် ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ၎င်းတို့၏ ဒေသကို **ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)**အဖြစ် သတ်မှတ်ပေးခဲ့သည်။ (SSA) အဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဤသို့အားဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက နိုင်ငံတော် အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံ တိုင်းရင်းသား ပြည်သူတို့၏ အကျိုးစီးပွားအတွက် လက်တွေ့ကျကျ ဆောင်ရွက်နိုင်သော အခြေအနေမှန်ကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ရိုးသားဖြောင့်မတ်သော အမျိုးသားရေး ရပ်တည်ချက်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ကြိုးပမ်း တည်ဆောက်မှုကိုလည်းကောင်း၊ အခြားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက နားလည် သဘောပေါက်လာကြသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ (၁၀၁) စစ်ဒေသသည်လည်း ၁၉၈၉ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ယင်းအဖွဲ့အား **ကချင်ပြည်နယ် အထူးဒေသ(၁)**အဖြစ် သတ်မှတ်ပေးခဲ့သည်။ ကချင်ပြည်နယ် အထူးဒေသ(၁)သည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးများကို နိုင်ငံတော် အစိုးရ၊ တိုင်းရင်းသားပြည်သူတို့နှင့်အတူ တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

တစ်ဆက်တည်းမှာပင် ဦးမထုနော်သည် ကိုးကန့်နှင့် ‘ဝ’ တိုင်းရင်းသားများကဲ့သို့ ငြိမ်းချမ်းရေး ရယူရန်အတွက် တပ်မတော်သို့ ဆက်သွယ်ခဲ့သည်။ ၁၉၉၁ခုနှစ် ဇန်နဝါရီလ ၁၄ရက်တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဦးဆောင်သော တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဦးမထုနော်ခေါင်းဆောင်သည့် ကေအိုင်အေ တပ်မဟာ(၄) အဖွဲ့အား လားရှိုးမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ရာ ၎င်းအဖွဲ့သည် လက်နက်ကိုင် လမ်းစဉ်ကိုစွန့်လွှတ်၍ ငြိမ်းချမ်းရေးရယူရန် သဘောတူညီမှု ရရှိခဲ့သည်။ ယင်း အဖွဲ့သည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ၎င်းတို့ဒေသကို **“ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၅)”**အဖြစ် သတ်မှတ်ပေးခဲ့သည်။ ယင်းဒေသတွင် ယနေ့ကာလ၌ မူးယစ်ဆေးဝါးပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးတို့ကို နိုင်ငံတော်အစိုးရ၏ စီမံကိန်းနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအပေါ် ယုံကြည်လေးစားလာသည့်နည်းတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင်လည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်မှသာ အောင်မြင်မည်ကို သိရှိလာခဲ့သည်။ ယနေ့ကာလတွင် နယ်စပ်ဒေသများ၌ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားညီအစ်ကိုများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုအသီးအပွင့်များ တစ်နေ့တခြား တိုးပွားရရှိနေလျက် ရှိသည်။

ယင်းအခြေအနေများသည် လက်နက်ကိုင်ဆန့်ကျင် တိုက်ခိုက်နေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတွင် နှစ်ပေါင်းလေးဆယ်ကျော် ကပ်ငြိစွဲလမ်းနေခဲ့သော သံသယများကို အမှန်ဘဝသို့ရောက်ရှိလာစေရန် တပ်မတော် အစိုးရက လက်တွေ့ဘဝနယ်ပယ်၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်မှုဖြင့် အခိုင်အမာ သက်သေပြသခဲ့သည်။ ထို့နောက် ပအိုဝ်းအမျိုးသားအဖွဲ့ (PNO)သည် ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင်လည်းကောင်း၊ ပလောင်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PSLA) သည် ၁၉၉၁ခုနှစ် ဧပြီလ ၂၁ရက်နေ့တွင်လည်းကောင်း၊ ကယန်း အမျိုးသားလုံခြုံရေးတပ် (KNG) အဖွဲ့သည် ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လည်းကောင်း၊ ကချင်လွတ်မြောက်ရေးအစည်းအရုံး (KIO) အဖွဲ့သည် ၁၉၉၄ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူခဲ့ကြပြီး နိုင်ငံတည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်ခဲ့ရာ ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ မိုင်းလားမြို့ကို ဤသို့ တွေ့ရသည်။

ဆက်လက်၍ တပ်မတော်သည် ငြိမ်းချမ်းရေး အကျိုးဆောင်များမှ တစ်ဆင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသို့ တပ်မတော်အစိုးရ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသဘောထားများနှင့် ငြိမ်းချမ်းရေးရယူပြီးဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ၏ လက်တွေ့ဘဝများကို ဖော်ပြပြီး ငြိမ်းချမ်းရေးရယူရန် ကမ်းလှမ်းခဲ့သည်။

ဤတွင် ကျန်ရှိနေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနက် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)အဖွဲ့သည် ၁၉၉၄ ခုနှစ် မေလ ၉ ရက်နေ့တွင်လည်းကောင်း၊ ကယန်း ပြည်သစ်ပါတီသည် ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)သည် ၁၉၉၄ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင်လည်းကောင်း၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီသည် ၁၉၉၅ခုနှစ် မတ်လ ၂၁ ရက်နေ့တွင်လည်းကောင်း၊ မွန်ပြည်သစ် ပါတီသည် ၁၉၉၆ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် လည်းကောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်ပြည်နယ်) အဖွဲ့သည် ၁၉၉၇ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင်လည်းကောင်း တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ယင်းကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရနှင့်ငြိမ်းချမ်းရေးရယူပြီး နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တိုင်းရင်းသား ပြည်သူတို့၏ ဘဝ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

နယ်ပယ်ထဲတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် တပ်မတော် အစိုးရ၏တိုင်းရင်းသား စည်းလုံးညီညွတ်ရေး သဘောထားရပ်တည်ချက်ကို ပို၍ပို၍ အလေးနက်ယုံကြည်လာခဲ့ကြသည်။

ထို့နောက် ဦးခွန်ဆာခေါင်းဆောင်သော ရှမ်းပြည် တပ်မတော်(MTA)သည် တပ်မတော်အစိုးရ၏ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအပေါ် စာနာမှု၊ နားလည်မှု၊ ယုံကြည်မှု ဟူသော သွေးရင်းသားချင်း စိတ်ဓာတ်ထားရှိမှုအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုတို့ကို ယုံကြည်လာ သဖြင့် ၁၉၉၆ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့တွင် လွယ်လန်းဒေသ၌လည်းကောင်း၊ ဇန်နဝါရီလ၇ရက်နှင့် ၁၈ ရက်တို့တွင် ဟိုမိန်း(MTA) ဌာနချုပ်၌ လည်းကောင်း၊ ဇန်နဝါရီလ ၁၂၊ ၁၃၊ ၁၄၊ ၁၆ ရက်တို့တွင် လွယ်တွန်း၊ မိုင်းကွမ်းဒေသ၌ လည်းကောင်း၊ ဇန်နဝါရီလ ၁၅နှင့်၂၆ရက်နေ့တို့တွင် မုံးထော်၊ မုံးထဒေသ၌ လည်းကောင်း၊ ဇန်နဝါရီလ ၂၃ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်လိုင်၊ ပါဖန်ဒေသ၌ လည်းကောင်း၊ ဇန်နဝါရီလ ၂၅ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးဟင်း၊ မုံးသာ ဒေသ၌လည်းကောင်း၊ ဖေဖော်ဝါရီလ ၂၈ရက်နေ့တွင် နမ့်ဆန်၌ လည်းကောင်း၊ ဇန်နဝါရီလ ၂၀ရက်နေ့တွင် ဝမ်ဆင်းရွာ၌လည်းကောင်း၊ ဇန်နဝါရီလ ၃၀ရက်နှင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တို့တွင် တာချီလိတ် မြို့၌ လည်းကောင်း တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြ သည်။

တပ်မတော်အစိုးရက နိုင်ငံတော်တာဝန်ကို ယူပြီးသည့်နောက်ပိုင်းတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကျယ်ပြန့်နက်ရှိုင်းစွာ စည်းရုံး ဆောင်ရွက်နိုင်ခဲ့မှုကြောင့် နိုင်ငံတော်၏ စေတနာမှန်ကို သိမြင်လာခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး နိုင်ငံ့အကျိုးပြု၊ ဒေသအကျိုးပြု လုပ်ငန်းများကို နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်နေကြပြီ ဖြစ်သည်။

နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းခြင်း၏ ရလဒ်အဖြစ် ဖွံ့ဖြိုးတိုးတက်လာသော တိုင်းရင်းသား ပြည်သူတို့၏ လူမှုစီးပွားရေးဘဝအခြေခံကောင်းများ ရရှိ လာခြင်းနှင့်အတူ နိုင်ငံတော်၏အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အင်အားဖြင့် ပေါက်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ချုပ်၍ဆိုရလျှင် ယနေ့ကာလတွင် ငြိမ်းချမ်းရေးကြောင့် အကျိုးစီးပွားဖြစ်ထွန်းလာရသကဲ့သို့ ညီညွတ်ရေးမှသည် ပြည့်အင်အားများ တိုးပွား လာခဲ့ရသည်။ တစ်နည်းအားဖြင့် ဆိုရသော် **“ငြိမ်းချမ်းရေးသည် တို့စီးပွား ညီညွတ်ရေးသည် တို့အင်အား”** ပင် ဖြစ်ပါတော့သည်။ ။

နိုင်ငံတော် အစိုးရ၏ စေတနာနှင့် သဘောထားများအပေါ် သိရှိနားလည် သဘောပေါက်လာကြသဖြင့် အမ်တီအေ တပ်ဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြရာ ဒေသခံပြည်သူများက ဤသို့ ကြိုဆိုခဲ့ကြသည်။

မင်္ဂလာဗျူဟာအသင်းချုပ် ဩဝါဒပါတိမောက် အခါတော်နေ့ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်တွင် (တပို့တွဲလပြည့်နေ့) ဩဝါဒပါတိမောက်အခါတော်နေ့ ပူဇော်ပွဲနှင့် (၃၂)ကြိမ်မြောက် နှမ်းမနဲပွဲတော်ကို ဖေဖော်ဝါရီ ၅ရက် (ကြာသပတေးနေ့)တွင် ကျင်းပ၍ မွန်းလွဲ ၁နာရီတွင် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ သ၊ စ၊ အ၊ ပါဠိပါရဂူ အဂ္ဂမဟာကျော် အရှင်သီရိန္ဒာဘိဝံသ(ယော) ဆရာတော်က ဩဝါဒ ပါတိမောက်အခါတော်နေ့ တရားတော်ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

သဒ္ဓါလက်လှူ ပွင့်ခက်ကြူ ကက္ကူစေတီစု

ရတနာစည်ဆရာတော် (လှိုင်လင်)

(က)

တောင်ကြီးမြို့နယ် ကက္ကူစေတီစုရှိ ဖောင်တော်ဆိုက်စေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲသို့ အသွားခရီးဝယ် အများဆုံး ညှော်ခံကာ စကားပြောသည့် အရှင်တစ်ပါးမှာ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဥတ္တရာရုံ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ပညာသီရိဖြစ်၏။ သူ့စကားတို့တွင် အထပ်ထပ် အကျော့ကျော့ ပါဝင်ခဲ့သော စကားတစ်ခွန်းမှာ ဤသို့ဖြစ်၏။ 'ဒါဟာ ငြိမ်းချမ်းရေးရဲ့ အရသာပါဘုရား'တဲ့။

(ခ)

ဤအရှင်တို့သည် လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော် ကာလများတုန်းက တောင်ကြီးမြို့၌ သီတင်းသုံး နေထိုင်ခဲ့ဖူးပါ၏။ ထိုစဉ်က ကက္ကူစေတီစုအကြောင်း လုံးဝဆို လုံးဝမှ လုံးဝ တစ်ခွန်းတစ်ပါဒမျှ မကြားခဲ့ဖူးသည်မှာ အမှန်ဖြစ်ပါ၏။ ယခု ခရစ်နှစ်၂၀၀၀ သည်မှာဘက်ဝယ် ကက္ကူစေတီစု ဘုန်းတော်ပွင့်လန်းလာပြီး ရုပ်သံ၊ ရေ့တန်းသတင်း၊ သတင်းစာမျက်နှာဖုံးသတင်းအဖြစ် မကြာခဏ ဖူးမြင်လာရသောအခါ၊ ထို့ပြင် ရုပ်မြင်ကင်မရာဆရာတို့၏ ရိုက်ချက်လှလှများကြောင့်ထောင်ကျော်စေတီစု၏ ပါသာဒိက (ကြည်ညိုဖွယ်) မြင်ကွင်းများကို ဖူးမြင်ရသောအခါ အံ့ကြီးတစ်ပါးဖြစ်နေမိသည်မှာ အမှန်မှအမှန် ဖြစ်ပါ၏။

ကက္ကူစေတီစုနှင့် လက်တစ်ကမ်းအတွင်း ရှိနေစဉ်တုန်းက ဘာမျှမသိခဲ့ရဘဲ ယခု ကက္ကူစေတီစုနှင့် ပို၍ဝေးဝေးရောက်နေမှ ကက္ကူ ကက္ကူဟု လက်လက်လူ တောက်ပလာခဲ့ခြင်းအတွက် ဘယ်လိုလဲ၊ ဘာကြောင့်လဲဟူ၍ စိတ်ထဲဇောပွက်လာရင်း ကြောင်းရင်းချင်းရာတို့ကို လေ့လာသုံးသပ်ကာ စိတ်ဖြာဆုံးဖြတ်မိသည်မှာ ထိုအရှင်၏ စကားအတိုင်းဖြစ်ပါ၏။ 'ငြိမ်းချမ်းရေးရဲ့ အရသာ'။

(ဂ)

၁၈၈၅ခုနှစ် နိုဝင်ဘာမှစ၍ နယ်ချဲ့လက်အောက် ကျွန်သပေါက် ပြားမှောက်ခဲ့ရသော မြန်မာနိုင်ငံသည် ဒဏ်ရာဒဏ်ချက်များစွာဖြင့် အသိုက်ပျက်၊ အအုံအက်ခဲ့ရ၏။ ယင်းနှင့်အတူ ရှေးယခင်သာသနာပြု မင်းကောင်းမင်းမြတ်များ တည်ထားကိုးကွယ်ခဲ့သည့် ဗုဒ္ဓအမွေမြတ် သရီရဓာတ်တော်စေတီတော်တို့၏ အရောင်အဝါတို့သည်လည်း တိမ်မည်းထူ အဖုံးခံခဲ့ရ၏။

ထိုအချိန်မှစ၍ ဗဟိုမင်းတရားတို့၏ စော်ဘွားစော်ခံများမှတစ်ဆင့် ပြုပွားခဲ့သည့် သာသနာပြုကုသိုလ် အထုအထည်များဖြစ်သော ရှမ်းပြည်နယ်ရှိ စေတီတော်များ၏ ဘုန်းသည် ညှိုးချုံးခဲ့ရုံသာမက အချို့စေတီတော်များဆိုလျှင် ပြိုကျပျက်စီးကာ မြေပုံကြီးဖြစ်လျက်ရှိခဲ့သည်ကို မြေကြီးက ပြောပြနေလေ၏။ သည်စီးကြောင်းထဲဝယ် ကက္ကူစေတီစုများလည်း မျောပါခဲ့ရသည်။

၁၉၄၈ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးပြန်လည်ရရှိခဲ့သော်လည်း အတ္တစွဲ၊ မာနစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ အစွဲဥပါဒါန် ပြင်းထန်သန်ကဲ လွန်းသောကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားလျက် လက်နက်ကိုင်သောင်းကျန်းမှု ပေါ်ပေါက်လာကာ ထိုမှတစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နယ်ပြီးတစ်နယ်၊ တစ်စုပြီးတစ်စု ကူးစက်သွားခဲ့လေရာ နိုင်ငံ့ရေ သာသနာပါ'သမင်မွေးရင်း ကျားစားရင်း'ဓာတ်မျောကြီး ကခဲ့ရ၍ ကသူရော၊ ကြည့်သူပါ ချာလပတ်လည်ခဲ့ရသည်မှာ သမိုင်းမှန်သက်သေ ဖြစ်၏။

(ဃ)

ပထမမြန်မာနိုင်ငံတော်ကြီး၏ မင်းကောင်းမင်းမြတ် တစ်ပါးဖြစ်သော နရပတိစည်သူ(၅၃၆-၅၇၃) မင်းတရားသည် နိုင်ငံလွှမ်းခြုံ၍ တိုင်းခန်းလှည့်လည်ကာ ကန်၊ ချောင်း၊ ဆည်မြောင်းများစွာ တည်ဆောက်ခြင်း၊ ပြည့်ဝမ်းဝ၊ ပြည့်ခါးလှဖို့ နေ့ညမပြတ် ကြိုးပမ်းခြင်း၊ မျှတစွာ အခွန်ကောက်ခံ၍ မင်းမှုထမ်းတို့အား ရိက္ခာ၊ လစာချီးမြှောက်ခြင်းတို့ကို စနစ်တကျစီမံခြင်း၊ အတွင်းကိုယ်ရံ၊ အပြင်ကိုယ်ရံ အိပ်ဖန်စောင့်စနစ် စတင် ကျင့်သုံးခြင်းတို့အပြင် ပုဂံစူဠာမုနိစေတီ၊ ဂေါ်တော့ပလ္လင်စေတီ၊ ဓမ္မရာဇိကစေတီတော်များ၊ ရွှေတန်းဆာစေတီ(ရွှေဘို)၊ မြသိန်းတန်နှင့် စွယ်တော်စေတီ(သရက်)၊ စေတီလှဘုရား(မုံရွာ)၊ ဖောင်တော်ဦးစေတီ (ကျောက်ဆည်)၊ ဇေတဝန်စေတီ(မြိတ်)စသော စေတီတော်များ၏ ဘုရားဒါယကာကြီးဖြစ်ခြင်း၊ ခေတ်ပြိုင်သီဟိုဠ်မင်း သီရိသင်္ဃာဗောဓိလက်ထက် သီဟိုဠ်သာသနာ ညစ်နွမ်းလာသဖြင့် သာသနာသန့်ရှင်းအောင် ဆောင်ရွက်နိုင်ခြင်းဟူသော လောကဓမ္မ စွမ်းရည်များကြောင့် တိုင်းပြု၊ ပြည်ပြု၊ သာသနာပြု မင်းကောင်းမင်းမြတ်တစ်ပါးအဖြစ် သမိုင်းတင် ဘုရင်တစ်ပါးဖြစ်ခဲ့၏။

တစ်ကြိမ်တွင် ရှမ်းပြည်နယ်သို့ သိင်္ဂနိက်ဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်ရာဝယ် ဒဗက်ချောင်းသို့ ရောက်ရှိကာ ချောင်းအနီးကုန်းပြင်ကိုမြင်လျှင် စေတီတော်တည်ထား ကိုးကွယ်လိုသော သဒ္ဓါဇော ပေါ်ထွန်းလာပြီး ဖောင်တော်ဆိုက်ကပ်၍ ယာယီတဲနန်းစံလျက် ဦးဆောင်လမ်းညွှန် စီမံလေ၏။ ဌာပနာတိုက်ကို သံတောင်လေးဆယ့် ငါးတောင် (သံတောင်တစ်တောင် တစ်ဆယ့်ကိုးလက်မ) အစောက်တူးတူးစေလျက် ရတနာကျောက်မျိုးသုံးဆယ့် ခြောက်ပြည်နှင့် ဓာတ်တော်များ ဌာပနာသွင်းကာ ဒုအထု ၁၂တောင်ရှိ ကျောက်ဖျာကြီးဖြင့် ဌာပနာတိုက်ကို လုံခြုံစွာ ပိတ်၍ အထက်၌ သံတောင် ခြောက်တောင်နှစ်မိုက်နှစ်သစ် ဉာဏ်တော်ရှိ စေတီတော်ကို တည်ထားပူဇော်တော် မူလေသည်။

တိုင်းခန်းလှည့်လည်စဉ် မျက်မှောက်အပြီး တည်သောစေတီဖြစ်၍ ဉာဏ်တော်မမြင့်မားသော်လည်း လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လျက် ရွှေထီးတော်တင်လှူ ပူဇော်ပြီးသော အချိန်တွင်မှ နရပတိစည်သူမင်းတရားစိတ်ထဲ၌ အတိုင်းထက်အလွန် ကဲဝှန်ပီတိထူး ကြည်နူးစွာကြည်ညိုသော သဒ္ဓါတိုးပွားလာပြီး "ဤစေတီတော်ကား မိမိ၏အသက် (သဖွယ်မြတ်နိုးခြင်း)နှင့် ထပ်တူပင်ဖြစ်တော့သည်" ဟု ဥဒါန်းစကားကျူးရင့်မိသည်တွင် "သက်တူစေတီ" ဟူသော ဘွဲ့နာမတော် ဖြစ်ပေါ်ခဲ့ကြောင်းဖြင့် "နရပတိစည်သူ သမိုင်းပေစာ"၌ ဖော်ပြထားကြောင်း သိရှိရ၏။ (ခွန်ရာမ ရေးသားသော မွေတော်ကက္ကူဘုရားသမိုင်း၊ စာ-၁၈)

ထို့ပြင် ကောဇာ ၁၁၅၅ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီး သွန်းလောင်းလှူဒါန်းခဲ့သည့် ခေါင်းလောင်းစာ၌ "ရွှေဂူဘုရား"ဟုလည်းကောင်း၊ ကောဇာ ၁၂၅၅ခုနှစ်တွင် ဆရာတော်ကြီးများ ကြီးမှူး၍ သွန်းလောင်းလှူဒါန်းခဲ့သည့် ခေါင်းလောင်းစာ၌ "ကက္ကူမွေတော်ဘုရား" ဟုလည်းကောင်း ကမ္ပည်းတင်ခဲ့ကြကြောင်း သိရှိရ၏။ ထို့ကြောင့် "သက်တူ" "ရွှေဂူ" "ကက္ကူ"ဟု သုံးမည်ရ စေတီစုဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက် စော်ဘွားစော်ခံများ အဆက်ဆက် ပြုပြင်မွမ်းမံ ကိုးကွယ်ခဲ့ကြရာ နယ်ပယ်တစ်လွှားရှိ စေတနာရှင်များကလည်း တတ်နိုင်သူ တတ်နိုင်သလို စေတီငယ်များ တစ်ဆူပြီးတစ်ဆူ တိုး၍တိုး၍ တည်ဆောက်ထားခဲ့ကြသဖြင့် စေတီစုစုပေါင်းစာရင်းမှာ နယ်ချဲ့တို့ ကျူးကျော်ကျွန်ပြုခဲ့ချိန်တွင် ၂၅၄၈ ဆူဖြစ်ပြီး ယနေ့သော် ၂၄၇၈ဆူ ရှိသဖြင့် အဆူ ၇၀မှာ နယ်ချဲ့ခေတ်နှင့် လွတ်လပ်ရေးခေတ် နှစ်၄၀အတွင်း မြေတွင်း ငုပ်လျှိုးခဲ့ရကြောင်း ထင်ထင်ထင်းထင်း ရှင်းလင်းစွာတွေ့မြင်ရ၏။ အကယ်၍ "တောင်သူကွမ်းညှပ် (တဖျုတ်ဖျုတ်)" အဆိုအရ စေတီပေါင်း ၇၆၂၃ ဆူရှိခဲ့သည်ဆိုလျှင်မူ အဆူပေါင်း ၅၁၃၆ ဆူတိတိ ပျက်စီးကွယ်ပခဲ့ရသည်ဟု နှမြောတသစွာ ဆိုရပါမည်။

(င)

၁၉၈၈ခုနှစ် တပ်မတော်အစိုးရ တက်ရောက်လာပြီး သည်မှာဘက် ကာလများဝယ် ဒိုတာဝန်အရေးသုံးပါးကို နိုင်ငံ၏ ထာဝရသစ္စာတရားအဖြစ်လည်းကောင်း၊ ဦးတည်ချက် ၁၂ရပ်ကို နိုင်ငံ၏ ထာဝရသုခတရားအဖြစ်လည်းကောင်း ခိုင်ကြည်စွာ ခံယူလျက် တစ်နိုင်ငံလုံးခြုံကာ အေးချမ်းသာယာလာအောင် ငြိမ်းချမ်းရေးခေတ်သစ်ကိုလည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေးခေတ်သစ်ကိုလည်းကောင်း တည်ဖြစ်ထွန်းတောက်စေရင်း သာသနာရောင်ဝါ လင်းအောင်လည်း စိတ်ရင်းစေတနာမှန်ဖြင့် ထက်သန်စွာ ကြိုးပမ်းနေသည်နှင့်အညီ တောင်ကြီးမြို့နယ် ကက္ကူစေတီ စုများသည် အခြားသော သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများနည်းတူ ထွန်းပြူပေါ်ထွက် လင်းလင်းလက်လာပါတော့၏။

၁၉၉၁ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ ငြိမ်းချမ်းရေးရယူခြင်း၊ ၁၉၉၄ခုနှစ် အောက်တိုဘာလ ၉ရက်တွင် ရှမ်းပြည်နယ် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ပအိုဝ်းနီ) ငြိမ်းချမ်းရေးရယူခြင်း ထို့ကြောင့် တောင်ကြီးတစ်ခရိုင်လုံး အေးချမ်းသွားခြင်းသည် ကက္ကူစေတီစု ဘုန်းတော်ပွင့်လန်းခြင်း၏ ပထမအကြောင်းရင်းကြီးဖြစ်ပြီး ထိုမှနောက်၌ နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်တို့၏ ကြိုးပမ်းမှု၊ စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဗင်ရှိဖာဇော့နှင့် စင်ကာပူဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါလင်းလက်မှု၊ သီရိလင်္ကာနိုင်ငံအစိုးရနှင့် သံဃရာဇာတို့က သီရိလင်္ကာနိုင်ငံမှ ဓာတ်တော်များ ပင့်ဆောင်ကာ ကက္ကူစေတီစု၌ ကိုးကွယ်ထားရှိမှုတို့ကြောင့် ယခုသော် ကက္ကူစေတီစု သတင်းသည် ကမ္ဘာသို့တိုင် ချင်းဖောက်နေလေပြီ။

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာ၁၄ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စင်ကာပူ ရွှေကျောင်းဆရာတော်၏ အလှူတော်ငွေကျပ်သိန်း၄၀၀ကို သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် ပအိုဝ်းအမျိုးသားအဖွဲ့ ဥက္ကဋ္ဌဦးအောင်ခမ်းထီထံ ပထမအကြိမ် လွှဲအပ်လှူဒါန်းခြင်း။

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာ၃၀ရက်တွင် ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ ကက္ကူစေတီစုသို့ ဘုရားဖူးရောက်ရှိလာခြင်း။

၂၀၀၁ခုနှစ် ဇွန်၆ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် နိကာယ်စာသင်တိုက် ပြည်လုံးချမ်းသာ သိမ်တော်ကြီးအတွင်း ဒုတိယအကြိမ် အလှူတော်ငွေကျပ်သိန်း ၃၂၀ ပေးအပ်လှူဒါန်းပွဲသို့ ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်၍ အလှူငွေလက်ခံကာ အလှူရှင် စင်ကာပူရွှေကျောင်း ဆရာတော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ပြီး ပအိုဝ်းအမျိုးသားအဖွဲ့ ဥက္ကဋ္ဌဦးအောင်ခမ်းထီထံ ဆက်လက်လွှဲပြောင်းပေးအပ်ခြင်း။

၂၀၀၂ခုနှစ် နိုဝင်ဘာ၁၇ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ ကက္ကူစေတီစုသို့ ဘုရားဖူးရောက်ရှိလာပြီး စေတီစုအတွင်း ဒုတိယအကြီးဆုံးဖြစ်သည့် ဖောင်တော်ဆိုက်စေတီတော် ပြုပြင်မွမ်းမံရန်နှင့် ရွှေထီးတော်အသစ် တင်လှူပူဇော်ရန် မှာကြားကာ မတည်ငွေလှူဒါန်းခြင်းတို့က တတိယထောင်စုနှစ် အဦးမှသည် နှစ်အဆုံး ခရစ်နှစ်၃၀၀၀ ဟိုမှာဘက်သို့တိုင်အောင် သာသနာ၏ တေဇာ၊ မြန်မာ၏ ဂုဏ်ဝါတို့ကို အလျဉ်မပြတ် ဆောင်ကြဉ်းသွားပေတော့မည်။

(စ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမှူးထား၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မတည်အလှူတော်ငွေ၌ သဒ္ဓါထက်သန်စွာ ပါဝင်ပေါင်းစည်းကာ သဟပုညကုသိုလ်ထူး ဆည်းပူးကြသည့် စေတနာရှင်များကို ဤသို့သိရှိရ၏။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနုမိသားစုက အလှူတော်ငွေကျပ် ၁၅သိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကျပ်၁၅သိန်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ-ဒေါ်နန်းဖျူးက ကျပ် ၃၅သိန်း၊ ပတ္တမြားနဂါးကုမ္ပဏီဦးနေဝင်းထွန်း-ဒေါ်နန်းအေးအေးမြင့်က ကျပ် ၃၅သိန်း၊ အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ကကျပ်သိန်း ၃၀၊ ရွှေသံလွင်ကုမ္ပဏီက ကျပ်သိန်း၁၅၀၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ကျပ်သိန်း ၁၅၀၊ ငွေဆင်ကုမ္ပဏီလီမိတက် ဦးစိုးမြင့်-ဒေါ်နန်းသန်းကြည်က ကျပ်သိန်း၁၅၀၊ ရွှေကျားပျံ ဦးဉာဏ်လင်း-ဒေါ်တင်တင်အေးက ကျပ်ငါးသိန်း။

ထိုအလှူတော်ငွေများဖြင့် ကက္ကူစေတီစုအတွင်း ဒုတိယအကြီးဆုံးတည်ရှိနေသည့် ဖောင်တော်ဆိုက်စေတီကို ဘက်စုံပြုပြင်မွမ်းမံခဲ့ရာ ယခု အောင်မြင်ပြီးစီးပြီဖြစ်၍ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ပင့်သံဃာတော် ၁၀၈ပါးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သောကြောင့် ဤအရှင်တို့လည်း ပင့်စာလက်ခံရရှိခဲ့ပါသည်။

သို့ဖြင့် တာဝန်ခံပင့်ဆောင်သူ ပြည်နယ်သာသနာရေးဒုတိယဦးစီးမှူး ဦးသန်းညွန့်နှင့်အတူ အခြားသော ပင့်သံဃာတော်များပါ တောင်ကြီးမြို့မှ ကက္ကူစေတီစု တည်ရှိရာ ကက္ကူရွာသို့ ညကျိန်းအသွားခရီးဝယ် တစ်လမ်းလုံး မြင်တွေ့နေရသည်မှာ ဖွံ့ဖြိုးတိုးတက်လာနေသော ကျေးရွာများဖြစ်၏။ တောင်ကြီးမြို့ ဆင်ခြေဖုံးမှစပြီး မိုင် ၂၀ ကျော်ခရီးတစ်လျှောက် ရွာဆက်မပြတ်သလို ရွာတိုင်းရွာတိုင်း တိုက်တာများ၊ သွပ်မိုးအိမ်ကြီးများချည်း ဖြစ်လျက်ရှိ၏။ ထို့အတူ ဂျုံစိုက်ခင်းများ၊ ကြက်သွန်စိုက်ခင်းများကလည်း စိမ်းစိုစွာ ဖြစ်ထွန်းနေ၏။ ကျေးရွာအချို့မှာ စံပြကျေးရွာများ ဖြစ်လျက်ရှိပြီး ဆေးပေးခန်း၊ အတန်းကျောင်း၊ စာကြည့်တိုက်များကို လမ်းပေါ်မှ လှမ်းမြင်နေရ၏။

ယင်းမြင်ကွင်းများကို မှန်လုံယာဉ်ပေါ်မှ ရှုမြင်ရင်း ရင်တွင်းမုဒိတာဖြင့် 'ဒါဘာရွာလဲ၊ အရင်ကဘယ်လိုလဲ၊ ခုလိုဖြစ်လာတာ ဘယ်နှနှစ်ရှိပြီလဲ' စသည့် သိလိုဇောမေးခွန်းများကို ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် တောင်ကြီးဥတ္တရာရုံဆရာတော်က ပြန်လည်ဖြေရင်း မှတ်ချက်ပေးသည်မှာ 'ဒီရွာတွေ ခုလိုတိုးတက်လာတာ ငြိမ်းချမ်းရေးရပြီးမှပါ ဘုရား၊ ဒါဟာ ငြိမ်းချမ်းရေးရဲ့ အရသာပါဘုရား'ဟူ၏။ သည်လိုနှင့်ကက္ကူရွာတည်းကျောင်းသို့ နေဝင်ဖျိုးဖျအချိန်၌ ရောက်ရှိပြီး မှန်လုံယာဉ်မှ အဆင်းတွင်မူ တစ်လမ်းလုံးငြိမ်သက်စွာ လိုက်ပါလာသော တောင်ကြီး ဘုရားကြီးအနောက်ကျောင်းဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တ သဇ္ဇန (ဒီဃဘာဏက)က ဤသို့ နိဂုံးစကားပြော၏။ 'ဒီအစိုးရလို ဘယ်အစိုးရမှ မဆောင်ရွက်နိုင်ဘူးဘုရား'တဲ့။

(ဆက်လက်ဖော်ပြပါမည်)

ဇန်နဝါရီ ၁၈ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မြို့နယ်ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမျိုးမြင့်ကျော်က အမက(၂)မှ ဘက်စုံထူးချွန်ဆုရရှိသော စတုတ္ထတန်းကျောင်းသူ မဝင်းကေခိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ဇန်နဝါရီ ၂၁ရက်က အမှတ် ၃၀ ယုဇနလမ်း အေးရိပ်မွန် (၅) ရပ်ကွက် လှိုင်မြို့နယ်နေ (ဒေါက်တာ ဒေါ်ခင်ရီ)အား ရည်စူး၍ ဦးလှမောင် မိသားစု သမီးမာလာမောင်က ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿန လမ်း၊ ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှု အသင်း (ရန်ကုန်)သို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယ ဥက္ကဋ္ဌဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)ကလက်ခံယူစဉ်။(က-ပ)

3-2 (10).p65 1 3/26/05, 5:17 PM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မအူပင်မြို့နယ် မီးသွေးချောင်းကွင်း၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဧက ၁၀၀၀ ငါးမွေးမြူရေးကန် တည်ဆောက်ရေး စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လျာထားချက်အတိုင်းပြည့်မီရေးကြိုးပမ်းဆောင်ရွက် ပြည်သူများဈေးနှုန်းသက်သာစွာ အလွယ်တကူဝယ်ယူစားသုံးနိုင်ရေး ရှေးရှုစေတနာထား

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)၊ ဗဟိုစည်းရုံးရေးကော်မတီဝင် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ သဇင်ရေကျော်ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့အား သဇင်ရေကျော် ငါးမွေးမြူရေးစခန်းတာဝန်ခံအရာရှိ ဗိုလ်မှူးလျန်ခန့်ကျင်က ငါးမွေးမြူထားရှိမှု၊ ဖြန့်ဖြူးရောင်းချရန် ငါးဖော်ယူပြီးစီးမှု၊ စခန်းအတွင်း ကုန်ထုတ်လမ်းဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ငါးမွေးမြူရေးကန်အမှတ်(C-7)၌ငါးဖော်ယူမှုလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြိုးကြိုးစားစားဆောင်ရွက်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် မီးသွေးချောင်းကွင်း၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဧက ၁၀၀၀ ငါးမွေးမြူရေးစီမံကိန်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံအရာရှိ ဗိုလ်မှူးအောင်မင်းက ငါးကန်များ တူးဖော်မွေးမြူထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂)က မိမိတို့အသင်းအဖွဲ့အကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော် အကျိုးတို့အတွက် စေတနာထား၍ ကြိုးကြိုးစားစား ဆောင်ရွက်သွားရန် မှာကြားသည်။

၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ငါးမွေးမြူရေးစခန်းမှ ရန်ကုန်မြို့နေပြည်သူများအတွက် ငါးပိဿာချိန် သုံးသိန်းကျော် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဝါဝါဝင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ညောင်တုန်းကျွန်း ရေနက်ကွင်း လယ်ယာမြေဖော်ထုတ်စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးရွှေကြိုင်နှင့် စီမံကိန်းမန်နေဂျာ ဒေါ်စန်းစန်းမြင့်တို့က လယ်ယာမြေဖော်ထုတ်ပြီးစီးမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညွှန်ကြားဆောင်ရွက်ပေး

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လျာထားချက်အတိုင်း ပြည့်မီရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုမ္ပဏီ၏ အကျိုးစီးပွားအတွက်သာမက ပြည်သူများအား ဈေးနှုန်းသက်သာစွာ အလွယ်တကူဝယ်ယူစားသုံးနိုင်ရေးအတွက် ရှေးရှု၍ စေတနာထား ထုတ်လုပ်ဖြန့်ဖြူးကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူ ဖြစ်စေရန် ရည်ရွယ် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညောင်တုန်းကျွန်း ရေနက်ကွင်း လယ်ယာမြေဖော်ထုတ် စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းတွင် ဝါဝါဝင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် အနေဖြင့် ရေနက်ကွင်း ဧက ၁၀၀၀၀ ကျော် ရှိသည့်အနက် လယ်ဧက ၅၀၀၊ ငါးမွေးမြူရေးလုပ်ငန်းဧက၅၀၀၀ကို ဖော်ထုတ်၍ လက်ရှိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမြေနှင့် ငါးကန်များ ဆက်လက်တိုးချဲ့ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စီမံကိန်းလုပ်ငန်း၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ညောင်တုန်း ရေနက်ကွင်း၌ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှု၊ ငါးမွေးမြူရေးကန်များ အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

● စစ်တောင်းမြစ်ဝှမ်းမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများအား တိုက်ရိုက် အကျိုးပြုနိုင်သည့် ဆည်မြောင်းတာတမံများကို စီးပွားရေးအရ တွက်ခြေကိုက်သည်ဖြစ်စေ၊ မကိုက်သည်ဖြစ်စေ အမှန်တကယ်ဒေသအလိုက် ဖြစ်နိုင်သည့်နေရာတိုင်းတွင် ဆည်မြောင်း တာတမံများကို တည်ဆောက်ပေးလျက်ရှိသည်။

စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးရေး

ယင်းသို့တည်ဆောက်ပေးရာတွင် သီးနှံများ ပိုမိုထုတ်လုပ်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရည်ရွယ်ရန် အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများနှင့် အကြီးစားဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည်လည်း ပါဝင်သည်။

ဖော်ပြပါ စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင်ပါဝင်သည့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် တည်ဆောက်နေသော ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းသည်လည်းအကျုံးဝင်လျက်ရှိသည့်အလျောက်၊ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ရှိရာ အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံ အောက်ဘက် ၁ ဒသမ ၂၅ မိုင်ခန့် တွင်တည်ရှိသည့် ခပေါင်းရေလှောင်တမံသို့ သွားရောက်ခဲ့သည်။

ရေအားလျှပ်စစ်ထုတ်ယူနိုင်

ခပေါင်းရေလှောင်တမံတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ခပေါင်းရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြသသည်။ ခပေါင်း ရေလှောင်တမံဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသများ ရေသွင်းစိုက်ပျိုးရေးကို လုပ်ကိုင်နိုင်ခြင်း အကျိုးကျေးဇူးများ ခံစားကြရမည်သာမက ရေဘေးကာကွယ်ရေးနှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ခြင်းအကျိုးကျေးဇူးများကိုလည်း ရနိုင်မည်ဟု သိရသည်။

ခပေါင်းရေလှောင်တမံကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ တည်ဆောက်ခဲ့ရာ ရေလွှဲဥမင်လိုဏ် တည်ဆောက်ခြင်း၊ မြေသားတမံ တည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်း၊ ရေလွှဲဆည် တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း ဟူ၍ အဓိက လုပ်ငန်း ငါးရပ်ကို ဆောင်ရွက်လျက်ရှိသည်။

တောင်ဖောက်လိုဏ်ခေါင်းတူး

ခပေါင်းရေလှောင်တမံတည်ဆောက်ရာ၌ ရေသိုလှောင်ရန် တမံတည်ဆောက်ရန်အတွက် ခပေါင်းချောင်းရေကို လွှဲပေးရန် လိုအပ်သောကြောင့် ရေလွှဲဥမင်ကို စတင် တည်ဆောက်ကြရသည်။ ရေလွှဲဥမင်မှာ တောင်ကို ထွင်းဖောက်၍ လိုဏ်ခေါင်းတူးကြသည်။

ရေလွှဲဥမင်ဖောက်သော မြေသားမှာ ကျောက်သားညံ့သော မီးသင့်ကျောက် အမျိုးအစားတောင်ကို ဥမင်လိုဏ် ဖောက်လုပ်ရခြင်းဖြစ်သည်။ ရေလွှဲဥမင်လိုဏ် ကျောက်သားတူးဖော်ခြင်းလုပ်ငန်းကို ၂၀၀၁ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ မိမိတို့သတင်းအဖွဲ့ရောက်ရှိခဲ့သော ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်အထိ အဝင်ပိုင်းဘက်မှ ၂၇၅ပေနှင့် အထွက်ပိုင်းတွင် ပေ ၇၈၀ ပြီးစီးလျက်ရှိသည်။

မြင်းခွာပုံရေလွှဲဥမင်

ရေလွှဲဥမင်လိုဏ်ကို မြင်းခွာပုံသဏ္ဌာန် သံကူကွန်ကရစ်ဖြင့် တည်ဆောက်ရာရေလွှဲဥမင်လိုဏ် အကျယ်သည် ၁၃ ဒသမ ၁၂ ပေ(လေးမီတာ)ရှိ၍ အလျားပေ၁၂၀၀ရှိသော ဥမင်လိုဏ်ကို တည်ဆောက်ခြင်းဖြစ်သည်။ ရေလွှဲဥမင်လိုဏ်တူးသော တောင်၏ မြေသားလွှာမှာ မီးသင့်ကျောက် အမျိုးအစားဖြစ်ခြင်းကြောင့် လိုဏ်ခေါင်းတူးပြီးခြင်းနှင့် Steel Rib များကိုပါတစ်ပြိုင်တည်း ဆောင်ရွက်ကြရသည်။ မိမိတို့အဖွဲ့ ရောက်ရှိသည့်ရက်ပိုင်းတွင် Steel Rib တည်ဆောက်ခြင်းလုပ်ငန်းမှာ အဝင်ပိုင်းတွင် ၁၂၁ချောင်း၊ အထွက်ပိုင်းတွင် ၃၄၁ချောင်း ထောင်ပြီးဖြစ်သည်။

ခပေါင်း ရေလှောင်တမံ တည်ဆောက်သည့် ဒေသသည် နှစ်စဉ်ပျမ်းမျှမိုးရေချိန် လက်မ ၉၀ ရှိသည့် မိုးများသောဒေသဖြစ်သည့်အလျောက် တစ်နှစ်လျှင် မိုးရာသီ ကုန်ဆုံးပြီး ခြောက်လခန့်သာ လုပ်ငန်းများ ပီပီပြင်ပြင်ဆောင်ရွက်နိုင်ကြသည်။ တည်ဆောက်ရာ၌ အသုံးပြုသည့် သံထည်ပစ္စည်း၊ ဘိလပ်မြေ၊ ကျောက်၊ သဲ၊ လောင်စာဆီအစရှိသော တည်ဆောက်ရေးပစ္စည်းများကို သယ်ယူရခြင်းတို့မှာလည်းခက်ခဲစွာဆောင်ရွက်ခဲ့ကြရသည်။

သံမဏိပြားတိုင်ရိုက်သွင်း

ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်းသည် ပြီးစီးရန် ရက်ပိုင်းသာလိုတော့သည့်အတွက် ချောင်းရေသိုလှောင်ရန် တမံတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် တမံဧရိယာရှင်းလင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ကြသည်။ ပင်မတမံမှ ရေစိမ့်ခြင်းမရှိစေရန် သံမဏိသံပြား တိုင်ရိုက်သွင်းခြင်းလုပ်ငန်းကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း အလျားပေ ၃၀၀ကို ရိုက်သွင်းပြီးပြီဖြစ်သည်။

ခပေါင်းရေလှောင်တမံမှ နှစ်စဉ်ပျမ်းမျှ စီးဆင်းရေသည် ဧကပေ ၇၃၀၀၀၀ ရှိမည်ဖြစ်၍ ရေလှောင်တမံ အမျိုးအစားမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး ရေလှောင်တမံ အလျားသည် ပေ ၈၂၀ ရှိ၍ အမြင့်မှာ ပေ ၂၀၀ ရှိမည်ဖြစ်သည်။ ကန်ရေပြည့် ရေလှောင် ပမာဏမှာ ဧကပေ ၈၇၈၅၇၀ ရှိမည်ဖြစ်ပြီး ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၈၃၀၀၀ ရှိမည်ဖြစ်၍ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာသည် ၁၄၆၅၇ဧကပေဖြစ်သည်။

ရေလှောင်ကန်တွင် ရေလှောင်နိုင်သော ရေပြည့်ပမာဏကိုကျော်လွန်၍ စီးဝင်လာသောရေများကို ရေပိုလွှဲမှ ပြန်လွှတ်ပေးရန်အတွက် ရေပိုလွှဲ အကျယ်ပေ ၁၀၀၊ အလျားပေ ၉၀၀ ရှိသော သံကူကွန်ကရစ်ကို တည်ဆောက်မည်ဖြစ်သည်။

ကီလိုဝပ်သန်း ၁၂၀ ထုတ်နိုင်

ခပေါင်းရေလှောင်တမံနှင့်အတူ ပူးတွဲ၍ ရေအားလျှပ်စစ်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထုတ်မည် ဖြစ်သည့်အလျောက် နှစ်စဉ် ကီလိုဝပ်သန်းပေါင်း ၁၂၀ ကို ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းတွင် ပေါင်းလောင်း၊ခပေါင်း၊ကျွန်းချောင်း၊ ချောင်းမငယ်၊ဖြူး၊ရဲနွယ် စသော ဆည်တမံများ တည်ဆောက်ခြင်း၊ ဆင်သေ၊ ငလိုက်၊ဆွာ၊ရေဆင်း၊ ဘောနီ၊ ပျဉ်ပုံကြီး၊ ဘိုင်းဒါး၊ ကောလိယချောင်းမကြီး (မြို့လှ) စသည့်ဆည်များ တည်ဆောက်ပြီးစီးခြင်းတို့ကြောင့် မိုးတွင်းကာလတွင် ရထားလမ်း၊ ကားလမ်းတို့ ရေကျော်ခြင်း၊ အချို့သော ဒေသကျေးရွာများ ရေလွှမ်းခြင်း ပြဿနာများ၊ ရေဘေးအန္တရာယ်များမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

ဧက ၁၃၅၀၀၀ အကျိုးပြု

ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဒေသအတွင်း လယ်မြေဧက ၁၃၅၀၀၀ခန့် ရေပေးဝေစိုက်ပျိုးနိုင်မည့်အပြင်ရေအားလျှပ်စစ်ထုတ်လုပ်ပေးနိုင်ခြင်းကြောင့် ဒေသခံတောင်သူများ၏ တစ်ဦးချင်း ဝင်ငွေ မြင့်မားလာပြီး လူနေမှုအဆင့်အတန်းမြင့်မားမည်ဖြစ်၍ နိုင်ငံတော်အတွက် အကျိုးဖြစ် ထွန်းစေမည့် စီမံကိန်းတစ်ရပ်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးကိုးဆူတန်ဆောင်းပြန်လည်တည်ဆောက်ရေး စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရေးအတွက် စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံသစ်ကြီး၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ အမှူးပြုသော သြဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီးကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီးကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီများမှတာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရွှေဘုန်းပွင့်စေတီတော်ဓမ္မာရုံသစ်ကြီး၌ ဆက်လက်ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီးကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားပြီး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ပြန်လည်ဆွေးနွေး မှာကြားသည်။**(သတင်းစဉ်)**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရေးအတွက် စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲ အခမ်းအနားတွင် ဆရာတော်ကြီးများထံ ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီးကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အခမ်းအနားတွင် သြဝါဒါစရိယ ဆရာတော်ကြီးများအား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီး ကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဘုရားကြီးကိုးဆူတန်ဆောင်းပြန်လည်တည်ဆောက်ရန်အတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို သြဝါဒါစရိယ ဆရာတော်ကြီးများထံ လျှောက်ထားသည်။

ထို့နောက် သြဝါဒါစရိယဆရာတော်ကြီးများက သြဝါဒကထာချီးမြှင့်တော်မူပြီး စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယ နိုင်ငံတော်သံဃာ့ ဗဟိုဝန်ဆောင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် သြဝါဒါစရိယဆရာတော်ကြီးများသည် ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးသွားသော စက်တော်ရာတန်ဆောင်းကို ကြွရောက်ကြည့်ရှုတော်မူရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ပြန်လည် ပြုပြင်ထားရှိမှုများကို လျှောက်ထား ရှင်းလင်းပြသကြသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများအား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆွေးနွေးမှာကြား

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဘုရားကြီးကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ...

ကိုလုံဆရာတော်ကြီး၏ဥတုဇရုပ်ကလာပ်တော် အန္တိမဈာပနဂူဗိမာန်တော်သွင်းအခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ် ပင်းတယမြို့ ဂဠုန်တောင်ကျောင်းတိုက်ဦးစီးပဓာန နာယက သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါရှိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ ကျေးဇူးတော်ရှင် ကိုလုံဆရာတော်ကြီးသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ရာ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖေဖော်ဝါရီ ၇ ရက် (စနေနေ့) နံနက်ပိုင်းတွင် အန္တိမဈာပန စံကျောင်းချအခမ်းအနားကျင်းပ၍ ဖေဖော်ဝါရီ ၈ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့်ပူဇော်ခြင်းအခမ်းအနား ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမဈာပနပူဇာသဘင်နှင့် ဂူဗိမာန်တော်သွင်း အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး အန္တိမဈာပနပူဇာတရားပွဲကို ဖေဖော်ဝါရီ ၈ ရက်ညတွင် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရေးအတွက် စေတီတော်ဂေါပက အဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲ အခမ်းအနားတွင် ဆရာတော်ကြီးများထံ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဒဿနိကဗေဒ) (ခ)ပထမနှစ်(ဥပဒေပညာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"**(အပိုင်း-၄)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း-၇)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဇန်နဝါရီ၃၀ ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၁၂) ၂၀၀၂-၂၀၀၃ ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှနွယ်က ပထမတန်း၌ ပထမဆုရ မသဇင်ဖူးအား ဆုချီးမြှင့်စဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ နတ်သားတောရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၀ ၇။ ခံစားနားဆင် တေးဇာတ်ဝင်
၁၇:၃၀ ၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၄၅ ၉။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကဗျာပြိုင်ပွဲအကြောင်း သီကောင်းစရာ(အပိုင်း-၂)
၁၇:၅၅ ၁၀။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ Milo Success in Soccer
၁၉:၁၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉:၂၀ ၁၅။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၃၀ ၁၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၀ ၁၇။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "တိုးတက်ဝေစည် ကချင်ရဝတီ ငွေတောင်ပြည်"
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို"** (အပိုင်း-၂၂)
၂၂။ Calcio Serie A Highlight

ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၄၀)ပြည့်အထိမ်းအမှတ် ပတ္တမြားရတုစာစောင်ထုတ်ဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၄၀)ပြည့်အထိမ်းအမှတ် ပတ္တမြားရတုစာစောင်ကို မြန်မာနိုင်ငံစီးပွားရေး တက္ကသိုလ်ဘွဲ့ရများအသင်းက ကြီးမှူး၍ ပုံနှိပ်ထုတ်ဝေနိုင်ရေးစီစဉ်လျက်ရှိရာ အဆိုပါစာအုပ်တွင် ထည့်သွင်းဖော်ပြသင့်သော ဓာတ်ပုံကောင်းများ၊ စာမူကောင်းများ (ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ)စသည်များကို ဖေဖော်ဝါရီလကုန်နောက်ဆုံးထား၍ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ရုံးခန်းနှင့် ပါမောက္ခ၊ ဌာနမှူးများရုံးခန်းများသို့လည်းကောင်း၊ ဒေါက်တာလှမောင် အမှတ် ၅၇/၃ ပြည်ရိပ်သာ ပြည်လမ်း ဖုန်း-၅၃၇၅၀၇နှင့် ဦးခင်ညို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမာရွတ် ဖုန်း-၅၁၂၁၀၀ တို့သို့လည်းကောင်း အချိန်မီ ဆက်သွယ်ပေးပို့ကြရန်နှင့် ကြော်ငြာများ ထည့်သွင်းလိုပါက ဦးခိုင်ဝင်း ဖုန်း-၂၄၉၁၈၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

■ အသက်(၁၄)နှစ်နှင့်အောက်မှ

သတင်းစာရှင်းလင်းပွဲတွင် ပထမဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယကဗိုလ်ချုပ်ကျော်ဝင်းက ရှင်းလင်းပြောကြားရာတွင် "ကျင်းပပြီးစီးခဲ့သည့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲသည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်သော်လည်း ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ အနှစ် ၃၀ ခန့် နိုင်ငံတကာပြိုင်ပွဲနှင့် ကင်းကွာခဲ့ရာမှ ယခုကဲ့သို့ ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပခွင့်ရရှိရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်မှ လွယ်လွယ်ကူကူခွင့်ပြုခဲ့ခြင်းမဟုတ်ကြောင်း၊ ပြိုင်ပွဲလက်ခံကျင်းပခွင့်ပြုရန်အတွက် ပြိုင်ပွဲကျင်းပနိုင်မည့် အဆင့်မီကွင်းရှိမရှိ၊ အဆင့်မီ ဒိုင်လူကြီးများ ရှိ မရှိနှင့် တိုင်းပြည်၏ အခြေအနေတို့ကို လေ့လာပြီး ကျေနပ်မှုရှိမှခွင့်ပြုခြင်းဖြစ်ကြောင်း၊ အာရှတင်းနစ်အဖွဲ့ချုပ်မှ ပြိုင်ပွဲကို လာရောက်ကြည့်ရှုလေ့လာရာတွင် ကျေနပ်မှုရှိကြောင်း၊ ယခင်က အာရှဇုန်(၂)ကို ယခုကဲ့သို့ ဖွဲ့စည်းလေ့မရှိကြောင်း၊ ယခင်ကကဲ့သို့ဆိုပါလျှင် ကိုရီးယား၊ဂျပန်တို့နှင့် ရင်ဆိုင်တွေ့နိုင်ပြီး ယခုကဲ့သို့ အောင်မြင်မှုရရန်မလွယ်ကူကြောင်း၊ ပြီးခဲ့သည့်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဖြိုးမင်းသာက ပထမရရှိခဲ့ပြီး အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း ဝင်းထက်ပိုင်နှင့် ဖြိုးမင်းသာ အတွဲက ပထမရရှိခဲ့ကြောင်း၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်ဘိုကလည်း ဒုတိယရရှိခဲ့ကြောင်း၊ ဂျပန်၊ ကိုရီးယားနှင့် တရုတ်တို့ပါလာမည်ဆိုပါက အခြေအနေ တစ်မျိုးဖြစ်နိုင်ကြောင်း၊ အာရှဇုန်(၁)ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ဧပြီလအတွင်း ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ဖြိုးမင်းသာနှင့် ဇင်ဘိုတို့ သွားရောက် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် အောင်မြင်မှုရသော်လည်း အထင်ကြီးကျေနပ်နေ၍ မရကြောင်း၊ အာရှဇုန်(၁)ပြိုင်ပွဲတွင် အိန္ဒိယ၊ ကိုရီးယားတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ပြိုင်ပွဲတွင် လာအို၊ ဘူတန်၊ မော်လဒိုက်၊ မလေးရှား၊ ပါကစ္စတန်နှင့် မွန်ဂိုလီးယားတို့သာ ပါဝင်ခဲ့ကြောင်း၊ မွန်ဂိုလီးယားမှ အရပ်ဖပေ ၂လက်မရှိသည့် အားကစားသမားကို ၅-၁ အထိရှုံးခဲ့ပြီးမှ နိုင်အောင်ရိုက်ခဲ့သည်ကို ပြန်ကြည့်လျှင် မှတ်တမ်းတင်ရမည့် အောင်မြင်မှုဖြစ်ကြောင်း၊ မွန်ဂိုလီးယားမှ Batrakh Munkhbastarသည် ယခုနှစ် နောက်ဆုံး မလေးရှား၌ကျင်းပခဲ့သည့် Asian Junior Circut ၏ ချန်ပီယံဖြစ်ကြောင်း၊ ယခုအခါ ဖြိုးမင်းသာက အသက်(၁၄)နှစ်ကျော်သွားပြီဖြစ်၍ (၁၆)နှစ်အောက်ပြိုင်ပွဲအတွက် ပြင်ရမည်ဖြစ်ကြောင်း၊ (၁၆)နှစ်အောက် ပြိုင်ပွဲအတွက် ငယ်နှောင်း၊ ညီညီထွန်းနှင့် တူးမော်တို့ကိုလည်း အထူးအားထားရမည်ဖြစ်ကြောင်း၊ မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားသမားများကို လေ့ကျင့်ပေးရန် နိုင်ငံခြားနည်းပြ ရှာဖွေနေကြောင်း၊လူငယ်များကို ပို၍ အားထားရမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း၊ အငယ်တန်းပြိုင်ပွဲအတွက် ငယ်နှောင်း၊ ညီညီထွန်းနှင့် ဖြိုးမင်းသာတို့ပါဝင်ပြီး အကြီးတန်းပြိုင်ပွဲအတွက် တူးမော်နှင့် ဇော်ဇော်လတ်တို့ ပါဝင်ကြမည်ဖြစ်ကြောင်း၊ အကျဉ်းချုပ်ပြောရလျှင် ယခုပြိုင်ပွဲကျင်းပနိုင်ခဲ့ခြင်းဖြင့် မိမိတို့ တိုင်းပြည်နှင့်လူမျိုး၏ ဩဇာဝတ်ကျေပွန်မှုကို သိရှိသွားကြကြောင်း၊ အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ယခုလောက် အောင်အောင်မြင်မြင် ကျင်းပပေးနိုင်မည်ဟုမထင်ခဲ့ကြောင်း၊မိမိတို့ကလေးတွေ အထူးကြိုးစားယှဉ်ပြိုင်ခဲ့ကြောင်း၊ ကလေးတွေဘက်က တာဝန်ကျေပြီး တိုင်းပြည်အတွက်လည်း ဂုဏ်ရှိခဲ့ကြောင်း၊ သို့သော် သိပ်အထင်ကြီးနေ၊ ကျေနပ်နေ၍ မရကြောင်း၊ နောက်ထပ် ပြိုင်ရမည့် ပြိုင်ပွဲများကို စောင့်ကြည့်ပြီးမှသာ ပြောနိုင်မည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားရာတွင် "ယခုကဲ့သို့ပြိုင်ပွဲကျင်းပခွင့်ရရှိရေးအတွက် မူလ တောင်းဆိုစဉ်က ဒေးဗစ်ကပ်ပြိုင်ပွဲဖြစ်ကြောင်း၊ သို့သော် ဂျူနီယာပြိုင်ပွဲကိုသာ အရင်ကျင်းပခွင့်ပြုခဲ့ကြောင်း၊ ယခုနှစ်မှစ၍ ဇုန်များခွဲခြားကျင်းပခြင်းဖြစ်ကြောင်း၊ ဇုန်ခွဲခြားပေးရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ အာရှတင်းနစ်အဖွဲ့ချုပ်သို့ တင်ပြတောင်းဆိုခဲ့ကြောင်း၊သုံးနှစ်ခန့် ကြိုတင်ဆောင်ရွက်ခဲ့၍ ယခုကဲ့သို့ ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အထူးအားရစရာ အောင်မြင်မှုမှာ မွန်ဂိုလီးယားမှ ၆ ပေ ၂ လက်မရှိသည့် အားကစားသမားကို ဖြိုးမင်းသာက အနိုင်ရိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇုန်(၁) ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် သုံးဦး အဆင့်မီသော်လည်း နှစ်ဦးသာ ပြိုင်ခွင့်ပြုသည့်မူအရ ဖြိုးမင်းသာနှင့် ဇင်ဘိုတို့နှစ်ဦး သွားရောက် ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်ကြောင်း၊ ဇုန်(၁)ကို အင်ဒိုနီးရှားနိုင်ငံ၌ ဧပြီလအတွင်း ကျင်းပမည်ဟုသာ သိရှိရပြီး ပွဲစဉ်ဇယား မထွက်သေးကြောင်း၊ အာရှအဆင့်၌ လေးဦးအတွင်းဝင်လျှင် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်၏ စရိတ်ဖြင့် ဥရောပပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်က ကျင်းပသည့် ဂျူနီယာပြိုင်ပွဲ ၃၂ ပွဲအနက် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပြိုင်ပွဲမှာ အကောင်းဆုံးဖြစ်သည်ဟု သိရှိရသည့်အတွက် ဂုဏ်ယူစရာကောင်းကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲများဆက်လက်ကျင်းပသွားမည်ဟုဆိုပါက အာရှတင်းနစ်အဖွဲ့ချုပ်က ဆက်လက် ပံ့ပိုးပေးသွားမည်ဟု သိရှိရကြောင်း၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်မှအမေရိကန်ဒေါ်လာ ၁၁၇၀၀ ပံ့ပိုးပေးခဲ့ကြောင်း၊ ပြိုင်ပွဲ တစ်ခုလုံးအတွက် ဒေါ်လာ ၃၅၀၀၀ သာ ကုန်ကျသည့်အတွက် ကုန်ကျစရိတ်နည်းနည်းဖြင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာတင်းနစ်အားကစားသမားများအနေဖြင့် ယခုအခါ နိုင်ငံတကာပွဲအတွေ့အကြုံ ၁၅ ပွဲ ရရှိထားကြောင်း၊ နိုင်ငံခြားနည်းပြဆရာ ငှားရမ်းရေးအတွက်လည်း မခက်ခဲတော့ကြောင်း၊ နိုင်ငံတကာမှ တင်းနစ်သတင်းများ ပုံမှန်ရရှိနေကြောင်း၊ အိန္ဒိယ၊ အာဂျင် တီးနားနှင့် ထိုင်းနိုင်ငံတို့မှ နည်းပြဆရာများကို ဆက်သွယ် လေ့လာနေကြောင်း၊ နိုင်ငံခြားနည်းပြတစ်ဦးကို တစ်လအတွင်းငှားရမ်းရန်စီစဉ်ထားကြောင်း၊ ယခင်က သိမ်ဖြူတင်းနစ်ကွင်း၌ ခြောက်ကွင်းသာရှိခဲ့ရာမှ ယခုအခါ ၁၁ ကွင်းအထိ တိုးတက်ရှိလာပြီဖြစ်ကြောင်း၊ လက်ရွေးစင်ကစားသမားများလေ့ကျင့်ရန်အတွက် မိုးလုံလေလုံကွင်းအပါအဝင် ငါးကွင်းရှိကြောင်း၊ ရှေ့ဆက်၍အောင်မြင်မှုရရှိရေးအတွက် အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

သတင်းစာ ရှင်းလင်းပွဲအပြီးတွင် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ အမျိုးသားပွဲစဉ်၌ ပထမဆုရရှိခဲ့သော ဖြိုးမင်းသာ အားတွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ဖြိုးမင်းသာက ပြောကြားရာတွင် "မိဘများက ဦးသာကျော်နှင့် ဒေါ်မြင့်မြင့်ဦး ဖြစ်ကြောင်း၊ စစ်ကိုင်းမြို့၌ ၃၁-၃-၁၉၉၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ကြောင်း၊ အရပ်အမြင့် ၅ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ဖြစ်ကြောင်း၊ ယခုအခါ မင်္ဂလာတောင်ညွန့် အထက (၁)၌ နဝမတန်းတွင် ပညာသင်ကြားနေကြောင်း၊ အသက် (၁၂)နှစ်အောက် စစ်ကိုင်းတိုင်း ကျောင်းပေါင်းစုံပြိုင်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမရရှိခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းကို ကိုယ်စားပြုကစားရင်း ၂၀၀၀ပြည့်နှစ်တွင် မျိုးဆက်သစ်လက်ရွေးစင်အဖြစ် ရန်ကုန်မြို့ သိမ်ဖြူကွင်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဖခင် ဦးသာကျော်က ယင်းမာပင်မြို့နယ်၌ အားကစားအရာရှိဖြစ်ကြောင်း၊ ဖခင် တင်းနစ်ရိုက်သည့် နောက်သို့လိုက်ရင်း ကိုယ်တိုင်ဝင်ရိုက်ရာမှ ဝါသနာထက်သန်လာခဲ့ကြောင်း၊ ယခုအခါ သိမ်ဖြူတင်းနစ်ကွင်း၌ လေ့ကျင့်လျက်ရှိကြောင်း၊ နံနက် ၆ နာရီမှ ၇ နာရီခွဲအထိ ကြံ့ခိုင်မှုလေ့ကျင့်ကြောင်း၊ နံနက် ၈ နာရီခွဲမှ ၁၁ နာရီအထိတင်းနစ်လေ့ကျင့်ကြောင်း၊ ညနေ ၃ နာရီခွဲမှ ၆ နာရီအထိ တင်းနစ်လေ့ကျင့်ရကြောင်း၊ အာရှဇုန်(၁)ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိရေးအတွက် ရည်မှန်းချက်ထား လေ့ကျင့်လျက်ရှိကြောင်း" ပြောကြားသည်။ ။

(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပခဲ့သည့် အသက်(၁၄)နှစ် နှင့်အောက်အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက ပြိုင်ပွဲနှင့် ပတ်သက်၍ ပဏာမ ရှင်းလင်း ပြောကြားစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲနှင့်ပတ်သက်၍သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ဇန်နဝါရီ ၁၂ ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီ တွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်စင်တာ အဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း တက်ရောက်၍ ပဏာမရှင်းလင်း ပြောကြားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်းနှင့် သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာတာဝန်ရှိသူများ၊ စာနယ်ဇင်းများမှပုဂ္ဂိုလ်များနှင့် အားကစားကလောင်ရှင်များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.)နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပဏာမရှင်းလင်း

ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက ပြိုင်ပွဲကျင်းပခဲ့ပုံနှင့်ပတ်သက်၍ ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd.)က ပြိုင်ပွဲသို့ မြန်မာလူငယ်အသင်းပါဝင်ယှဉ်ပြိုင်ခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

မိတ်ဆက်ပေး

ယင်းနောက် သတင်းစာဆရာများနှင့် အားကစားကလောင်ရှင်များ၏ မေးမြန်းဆွေးနွေးချက်များကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြန်လည်ဖြေကြားဆွေးနွေးပြီး ကျင်းပပြီးစီးခဲ့သော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပထမဆု၊ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ ပထမဆုနှင့် အကောင်းဆုံး အားကစားသမားဆုရ ဖြိုးမင်းသာ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်လက်ရွေးစင်များဖြစ်ကြသည့် ညီညီထွန်းနှင့် ငယ်နှောင်းတို့အား သတင်းစာဆရာများနှင့် အားကစားကလောင်ရှင်များအား မိတ်ဆက်ပေးသည်။

ဆက်လက်၍ တင်းနစ်အားကစားသမားများအား သတင်းစာဆရာများနှင့် အားကစားကလောင်ရှင်များက တင်းနစ်အားကစားနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် သတင်းစာရှင်းလင်းပွဲ တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်၌စခန်းသွင်းထားရှိသည့် လက်ရွေးစင် တင်းနစ်အားကစားသမားများ၏ အိပ်ဆောင်များသို့ လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

စာတမ်းဖတ်ပွဲတက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူး၍ ဒေါက်တာစိုးသိန်း (ST Design & Consulting Group)၏ Design of Earthquake and Wind Resistant High-Rise Buildings Using "ORION"Software စာတမ်းကို ရန်ကုန်တိုင်းလှိုင်မြို့နယ် MICT Park Main Building Conference Hall ၌ဖေဖော်ဝါရီ ၇ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ဖတ်ကြား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ရောဝတီတိုင်းနှင့်ကရင်ပြည်နယ် အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ဆက်လက်ကျင်းပသည်။

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ပဲခူးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဧရာဝတီတိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(ခခ)အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဧရာဝတီတိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး(၆)မှတ်၊ ကရင်ပြည်နယ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး(၆)မှတ်ဖြင့် အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၄)မှတ်၊ ပဲခူးတိုင်းအသင်းက တစ်ပွဲသရေ၊ နှစ်ပွဲရှုံး(၁)မှတ်ဖြင့် ပြိုင်ပွဲမှထွက်သွားရသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၃ ရက်(ယနေ့)ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ မန္တလေးတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ စစ်ကိုင်းတိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အာဆီယံဒေသအတွင်း စည်းဝါးညီစနစ် အကောင်အထည်ဖော်ရေး အထူးသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် မြန်မာနိုင်ငံ အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်း၍ တတိယအကြိမ်မြောက် အာဆီယံဒေသအတွင်း ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ စည်းဝါးညီစနစ် အကောင်အထည်ဖော်ရေး အထူးသင်တန်းကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ယနေ့နံနက် ၈ နာရီကကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းသို့ အာဆီယံနိုင်ငံများမှ သင်တန်းသား ၁၈ ဦးနှင့် မြန်မာနိုင်ငံ သက်ဆိုင်ရာဌာနများမှ သင်တန်းသား ၁၂ဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပြေသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

လသာမြို့နယ် သံဈေး ဈေးသာယာရေးအဖွဲ့ကကြီးမှူး၍ ဈေးသူဈေးသား မိသားစုများသည် ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဆွမ်းစားကျောင်း၌ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသော သြဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများနှင့် (၅၆)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ စာပြန်စာဖြေသံဃာတော်အရှင်သူမြတ်များအား (၂၃)ကြိမ်မြောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သြဝါဒါစရိယအဖွဲ့ဝင် မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသက ဆွမ်းအနုမောဒနာနှင့် ရေစက်ချတရား ချီးမြှင့်တော်မူသည်။ **(အပေါ်ဝဲပုံ) (သတင်းစဉ်)**

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

လက်တွေ့သဒ္ဒါနည်းကျကျ ရေး၊ ဖတ်၊ပြောကျွမ်းကျင်စေရန် ဆရာမကြီး ဒေါ်တင်လှိုင် B.A(Eng)ဦးစီး၍ စနစ်တကျ သင်ကြားပေးမည့် Inter-viewတစ်ပတ်၊နိုင်ငံခြားသွား တစ်လ၊ အခြေခံအဆင့်မြင့် တစ်လ၊ Seamen Course,Tourism, Hotel, Com-pany, Student Visa Grammer, Phonetic အင်္ဂလိပ်စကားပြော သင်တန်းများကို တန်းခွဲသစ်များအဖြစ် ရုံးဝန်ထမ်းများအတွက် စနေ၊တနင်္ဂနွေ အထူးတန်းခွဲကို ဖေဖော်ဝါရီ ၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် လှည်းတန်းမီးပွိုင့်အနီးရှိ ဒေါ်တင်လှိုင် စူပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း ဖုန်း-၅၁၁၂၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝိပဿနာတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်အောင်မြို့ နန္ဒဝန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၁)၏ ၁၀ ရက် တရားစခန်းပွဲတွင် ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ အရှင်အာသဘနှင့် သရက်တောကျောင်းတိုက် မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင်သြဘာသ (ဓမ္မာစရိယ)တို့သည် ဖေဖော်ဝါရီ ၈ ရက်မှ၁၇ ရက်အထိခန္ဓာဉာဏ်ရောက်သစ္စာတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာဗီဒီယိုဇာတ်ကားများ

မောင်ဆွေထွန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ယနေ့ ဗီဒီယိုရုပ်ရှင်ဇာတ်ကားများအားကောင်းနေဆဲတွင် အဆင့်မြင့်လုပ်ဆောင်ချက်များဖြင့် ဒီဗွီဒီခေါ်ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်လာကြပြီး ရုံတင်ပြသနိုင်ခဲ့သော အဆင့်သို့ရောက်ရှိခဲ့သည်။ လွန်ခဲ့သောနှစ်မှစ၍ ဗီဒီယိုထုတ်လုပ်သူအချို့သည် ဒီဗွီဒီဇာတ်ကားများ ရိုက်ကူးခဲ့ပြီး ရုံတင်ပြသခဲ့ကြသည်ကို တွေ့ရသည်။

ဒီဗွီဒီသည် တီထွင်မှုနည်းစနစ်တွင် အဆင့်မြင့်အောင်ပြုလုပ်ချက်များဖြင့် အဆင့်မြင့် ဗီဒီယိုဇာတ်ကားအဖြစ်သို့ရောက်ရှိပြီး ရုံတင်ပြသလာကြရာ ရုပ်ရှင်ဇာတ်ကားကြီးများနှင့် ထိပ်တိုက်ရုံတင်ပြသခြင်းမပြုဘဲ မြို့လယ်ရွှေဂုံနှင့် မြို့ပတ်ရုံအချို့တွင် ရုံတင်ပြသလာနိုင်ခဲ့သည်။

ယခုအခါ ဒီဗွီဒီဇာတ်ကားရိုက်ကူးထုတ်လုပ်မှု တိုးတက်လာသဖြင့် တစ်လလျှင် နှစ်ကားသုံးကားခန့် ရုံတင်ပြသလာနိုင်သည်ကိုတွေ့ရသည်။ ပရိသတ်ကလည်း ဇာတ်လမ်းဇာတ်ကွက်ရိုက်ချက်နှင့် သရုပ်ဆောင်အားကောင်းသော ဒီဗွီဒီအဆင့်မြင့် ဇာတ်ကားများကို အားပေးကြည့်ရှုကြသည်ဟု သိရသည်။

ဂျော်လီဆွေနှင့်သားများ ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ ညီညီထွန်းလွင်က **'ချစ်ခြင်း၏ ၃၆၀ ဒီဂရီ'** ဗီဒီယိုဇာတ်ကား ကန်တော့ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက်က စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။ ထိုဇာတ်ကားတွင် လူမင်း၊ နေတိုး၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာနှင့် နေအောင်၊ ခင်သီတာထွန်းတို့ သရုပ်ဆောင်ကြမည် ဖြစ်သည်။

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ သပြားသုက မိုးဒီ၊ ခင်လှိုင်၊ မင်းအုပ်စိုး၊ ခင်စိုးပိုင်၊ အေးဝတ်ရည်သောင်းတို့နှင့် **'မအူမလယ်'** ဟာသဇာတ်ကားကို ရိုက် ကူးပြီး၍ မကြာမီ ဖြန့်ချိမည်ဖြစ်သည်။

ချစ်ခြင်း၏ ၃၆၀ဒီဂရီ အဆင့်မြင့် ဒီဗွီဒီဇာတ်ကား၌ ပါဝင် သရုပ်ဆောင်သူများ။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့၏ အစီအစဉ်အရ ဖေဖော်ဝါရီ ၂ရက်မှ ၈ရက်အထိ ဗီဒီယိုဇာတ်ကား ၁၄ကား ဖြန့်ချိခွင့်ရရှိထားသည်။

ထိုသို့ဖြန့်ချိရာတွင် နာမည်ရသရုပ်ဆောင်တို့၏ ဗီဒီယိုဇာတ်ကားများ ပါဝင်သလိုနယ်ပရိသတ်အကြိုက်သရုပ်ဆောင်များ၊ သရုပ်ဆောင်သစ်များ၏ ဇာတ်ကားများပါဝင်သည်ကိုတွေ့ရသည်။

ဒါရိုက်တာ ကုသိုလ်၏ **'သူဌေးတို့ရွာ'** ဇာတ်ကားတွင် လွင်မိုး၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ကြသည်။ ဒါရိုက်တာ မောင်အောင်(ရူပဗေဒ)၏ **'ကျားဆိုရင် ကြောက်တယ်'** ဇာတ်ကားတွင် ကျော်ဟိန်း၊ မေသန်းနု၊ ခိုင်ဇွန်တို့ သရုပ်ဆောင်ထားကြသည်။ အလားတူ ဒါရိုက်တာ မောင်မောင်ဦး(စနိုးပိုက်)၏ **'တမ်းတရတဲ့ နေ့စွဲများ'** ဇာတ်ကားတွင် နိုင်းနိုင်းနှင့် နန္ဒာလှိုင်တို့ ပါဝင်ကြသည်။ ဒါရိုက်တာ မိုးအောင်၏ **'အဖေနာမည်မပေးခဲ့တဲ့ ကျွန်တော်'** ဇာတ်ကားတွင် လူမင်း၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်ကြသည်။ ဒါရိုက်တာ ချိုင်းရှိန်၏ **'အစိမ်းချုပ်'** ဇာတ်ကားတွင် ဝေဠုကျော်၊ မင်းဟိန်း၊ နန္ဒာလှိုင်တို့ ပါဝင်ထားကြသည်။ ဒါရိုက်တာ မောင်နီလွင်(သပြု)၏ **'ဆူးကိုစူးတဲ့ဆူး'** ဇာတ်ကားတွင် နေထက်လင်း၊ မြတ်ကေသီအောင်တို့ သရုပ်ဆောင်ထားကြသည်။**(မြန်မာ့အလင်း)**

ရိုက်ကူးပြီး၍ မကြာမီဖြန့်ချိမည့် ဝတ္ထုဇာတ်ညွှန်း ဒါရိုက်တာ ကိုကိုလေး၏ "ရေဆန်လှိုင်း" ဗီဒီယိုဇာတ်ကားမှ မေသန်းနု၊ ပန်းဖြူ။

(၈၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့ မိုင်းဟန်ထေရဝါဒ ဗုဒ္ဓဘာသနာပြုဌာနနှင့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပါးကျေးရွာ နယ်လှည့်သာသနာပြုမိုးကုတ်ဓမ္မ ကထိက ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန် (ဒုတိယဆင့်တတိယဆင့်) မော်လမြိုင် ဓမ္မရက္ခိတ ဆရာတော်ချင်းတွင်း အရှင်ကလျာဏ**(ဝဲပုံ)** သည် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ် ပြည်သူ့ဆေးရုံသွေးလှူဘဏ်တွင်ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနွေ နေ့)က (၈၂)ကြိမ်မြောက် သွေးလှူဒါန်းသည်။

(က-ပ)

ရန်မျိုးအောင်စေတီရွှေသင်္ကန်းကပ်လှူရေးငွေလှူ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော် မြတ်ကြီးအား ရွှေသင်္ကန်း ကပ်လှူနိုင်ရေး အလှူငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ ရက်က နန္ဒ မေတ္တာတန်ဆောင်း၌ ပြုလုပ်ရာ အခမ်းအနားသို့ စေတီတော်ဩဝါဒါစရိယ သာသနာ့အလင်းရောင် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ ကြွရောက်ချီးမြှင့်ပြီး စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော) နှင့် ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒဂုံ အထက(၁) ကျောင်းမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များက စေတီတော်ကြီးအတွက် အလှူငွေများ လှူဒါန်းကြရာ ဒဂုံ အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာဆရာမ၊ ကျောင်းသူကျောင်းသားများ စုပေါင်းကောင်းမှုဖြင့် စေတီတော် ခေါင်းလောင်းတော်ကြီး ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ် ၁၅၀၀၀၀နှင့် အရံစေတီ တစ်ဆူ ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် ၃၅၀၀၀၊ ဗိုလ်မှူးကြီး သက်စိုး ဇနီး ဒေါ်ဖြူဖြူအောင် သား မောင်ကောင်းသန်းသက်စိုးမိသားစုတို့က စိန်ဖူးတော်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၊ ဒဂုံအထက(၁) ကျောင်းအုပ်ဆရာကြီးနှင့် ဇနီး ဒေါ်ခင်မေအိ မိသားစုတို့က ငှက်မြတ်နားတော်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၊ (ဦးအောင်ချမ်း-ဒေါ်ကျင် မေ) သမီးဒေါ်မေကြည်မြင့် မိသားစုကအရံစေတီတစ်ဆူရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် ၃၅၀၀၀၊ ဆရာကြီး ဦးစိန်မောင် ဒေါ်အေးမျှင် မိဘနှစ်ပါးအား ဦးထိပ်ထား၍ ဦးသိန်းမြင့်-ဒေါ်ခင်ခင်ကြူ သမီးပုံ့ပုံ့ မိသားစုတို့က အရံစေတီတစ်ဆူ ရွှေသင်္ကန်းကပ်လှူပူဇော် ရန် အလှူငွေကျပ် ၃၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော) က လက်ခံပြီး အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ဗ၅၂)**

သာကေတ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေး ခန်းမတွင် ဇန်နဝါရီ ၃၁ ရက်က အမက(၃၇)သာကေတကျောင်း ဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ ပြုလုပ်ရာ ဂျေဂူးအထည်ချုပ်စက်ရုံ ပိုင်ရှင်က အလှူ ငွေ ကျပ်သိန်း၂၀ ပေးအပ် လှူဒါန်းစဉ်။

(၃၀၂)

နိုင်ငံတကာအဆင့်မီလျှပ်စစ်သင်တန်းများတက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂

ESA Engineering Groupမှ နိုင်ငံတကာအတွေ့အကြုံရှိ လုပ်သက်ရင့် လျှပ်စစ်အင်ဂျင်နီယာများ ဦးစီး၍ နိုင်ငံတကာအဆင့်မီ ပင်လယ်ရေကြောင်းဆိုင်ရာ လျှပ်စစ်ပညာနှင့် စက်ရုံအလုပ်ရုံဆိုင်ရာ လျှပ်စစ်ပညာများကို အလွယ်တကူ သင်ယူနိုင်ရန် သင်တန်းများဖွင့် လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းမှ ရေကြောင်း အင်ဂျင်နီယာများအတွက် Electrical MarineTechnology ဘာသာရပ်နှင့် ပြည်တွင်းပြည်ပ၌ အလုပ်လုပ်ကိုင်ကြမည့်သူများအတွက် Motor, Generator, Transformer Repairing, Rewinding and Maintenance Course ဘာသာရပ်တို့ကို ကျွမ်းကျင်စွာတတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ Service Academy Training Centre အမှတ် ၁၀၆၊ မြေညီထပ် ၃၈လမ်း၊ (အောက်/လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇွန်ပွင့်စာအုပ်တိုက် အမှတ်၇၇ (ဃ)မွေ့ပါလလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၃၈၃၆ က ထုတ်ဝေဖြန့်ချိသည့် ဆရာအောင်သင်း၏ တိုလီမိုလီစာပေ စာအုပ်မျက်နှာဖုံး။

(က-ပ)

ရှင်းလင်းပြသ

ဇန်နဝါရီ ၂၂ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးကျော်လှိုင် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းဥယျာဉ်နှင့် ကလေးကစားကွင်းအတွင်း မြက်ခင်းများ ပြုပြင်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးစိုးညွှန့်က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ကလေးများအတွက် နွေရာသီသင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

GP နိုင်ငံခြားဘာသာ စကားပြောနှင့် ကွန်ပျူတာသင်တန်းကြီးမှူး၍ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ ဂျပန်၊ ကိုးရီးယား ဘာသာစကားပြောများနှင့် ကွန်ပျူတာ ကျွမ်းကျင်မှုသင်တန်းများကို အတွေ့အကြုံရင့် ဆရာဆရာမများစုစည်းမှုဖြင့် လစဉ်လဆန်းတွင်တန်းခွဲသစ်များ ထပ်မံဖွင့်လှစ်မည်ဖြစ်ပြီး ကလေးများအတွက် ကွန်ပျူတာသင်တန်းနှင့် ဘာသာစကားပြော သင်တန်းများကိုပါ ထည့်သွင်းစီစဉ် ထားသည်။ စိတ်ပါဝင်စားသူများသည် GP Center-1 အမှတ်-၅၊ ဖေယျာသီရိလမ်း၊(အာရှနေဘဏ်ဘေးလမ်း)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၅၃၇၂၃၁ နှင့် Center-2 အမှတ်-၁၁၇၊ တထပ်၊ ဆိပ်ကမ်းသာလမ်း၊ကျောက်တံတားမြို့နယ်၊ ဖုန်း- ၂၅၆၇၉၆ သို့ ဆက်သွယ် စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်္ဂလိပ်လိုပြောမယ်လို့လား

ရန်ကုန် ဖေဖော်ဝါရီ ၂

အင်္ဂလိပ်စကား သင်တန်းတက်ရန် စီစဉ်နေသူများ၊တက်နေသူများအတွက် တက်ပြီးသူများ၊ ချစ်ဖူး ရေးသားပြီး အင်္ဂလိပ်လိုပြောမယ် လို့လား စာအုပ်အား ခင်မြတ်သူ စာပေအမှတ် ၁၁၊ ဒဂုဏ်သီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်က ဖြန့်ချိလိုက်ကြောင်း သိရသည်။

(အောက်ပုံ) (က-ပ)

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း မအူပင်စိုက်/မွေးစခန်း စစ်ဆေး သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက ရောဝတီတိုင်း မအူပင်မြို့နယ်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော မအူပင်စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်ကုန်–ပုသိမ် လမ်းမကြီးနှင့် မဲဇလီ မလက်တိုလမ်း လမ်းဆုံ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မအူပင် စိုက်ပျိုးမွေးမြူရေးစခန်း ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်သို့ရောက်ရှိပြီး ဒေသထွက်ဆန်နှင့် ကုန်ပစ္စည်းများ၊ မအူပင်စိုက်ပျိုးမွေးမြူရေးစခန်းထွက် ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မဲဇလီ၊ မလက်တိုလမ်းအနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မအူပင် စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိရာ ရေနက်ကွင်းဒေသ စိုက်ပျိုး မွေးမြူရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်စိုးက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများအား စခန်းတာဝန်ခံများက ငါးသားဖောက်စခန်း၌ သက်ဆိုင်ရာ စခန်းများအလိုက် လုပ်ငန်းများကို လိုက်လံပြသကြရာ **(အပေါ်ဓါတ်ပုံ)** မြို့တော်ဝန်က ငါး၊ ပုစွန် မွေးမြူရေးကန်များ လုံခြုံမှု ရှိစေရေး၊ ကန်ပေါင်များပေါ်တွင် စားသုံးသီးနှံများ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိရေး၊ စနစ်တကျ ရှိစေရေးနှင့် သတ်မှတ်လျာထားချက်များ ပြည့်မီကျော်လွန်စေရန် စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေးပြီး စေတနာထား ကြိုးပမ်းဆောင်ရွက်ရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိနယသင်္ဂဟပန်းကုံးနှင့် ကဩယောဇနာစာအုပ်များထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဝိနယသင်္ဂဟပန်းကုံးကျမ်းစာသည် ဝိနယသင်္ဂဟအဋ္ဌကထာကို အနက်၊အဓိပ္ပာယ်၊ အဆုံးအဖြတ်တို့ ဖြင့်ဖွင့်ဆိုရေးသားထားသော ကျမ်းစာဖြစ်သည်။ ပန်းကုံးဆရာတော် အရှင်ကုမာရက ရေးသားပြုစု၍ မြောင်းမြဆရာတော်နှင့်အရှင်ဇနကာဘိဝံသတို့၏ ဝိနည်းအယူအဆများကို ထည့်သွင်းအားဖြည့်ထားပြီး ဝိနည်းဆိုင်ရာ သစ်ပင်၊သစ်သီး၊သားကောင်တို့ကို ပြရာ၌ သက္ကဋ၊ဟိန္ဒီ၊အင်္ဂလိပ်အဘိဓာန်များနှင့် ညှိနှိုင်းပြထားရာ ဝိနယဂရုကရဟန်းတော်များအတွက် ဝိနည်းဗဟုသုတရရှိစေမည့်စာအုပ်ဖြစ်သည်။

ဝိနည်းဆိုင်ရာ ကင်္ခါယောဇနာကျမ်းစာကို ပန်းတနော်မြို့ လယ်ပေါ်ဆရာတော်အရှင်ဓမ္မသာမိကပြုစုပြီး ပန်းကုံးဆရာတော် အရှင်ကုမာရက တည်းဖြတ်ပြင်ဆင်သည်။ ကင်္ခါကျမ်းလာပုဒ်တို့ကို ဝိဂ္ဂဟပြုကာဓာတု၊ပစ္စယ ဝေဖန်ပြထားသည့်အပြင် ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့၏ အနက်တို့ကိုပါ ဖွင့်ပြထားသည်။

မော်ဘီသာသနာ့ ဝန်ဆောင်ကျောင်းတိုက် ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့က ထုတ်ဝေ၍ ပါရမီစာပေက ဖြန့်ချိသည်။ **(က–ပ)**

ဇန်နဝါရီ ၃၁ ရက်က ရန်ကုန်ဘူတာကြီးရထားရဲတပ်ဖွဲ့မှူးရုံးရှေ့တွင် တပ်ဖွဲ့မှူးရုံးနှင့် တပ်ခွဲ(၇) ရန်ကုန်တို့ ပူးပေါင်း၍ အခြေခံစားကုန်ကိုးမျိုး ရောင်းချမည့် ဆိုင်ဖွင့်ပွဲ အခမ်းအနား၌ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှိုင်ဝင်းနှင့် ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်သိန်းတို့က ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

တစ်ဆုပ်ဆွမ်းဆန်လှူဒါန်းပွဲ ဖြူးဆရာတော်တရားဟောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် တစ်ဆုပ်ဆန်လှူအသင်းကြီး၏ စတုတ္ထအကြိမ်မြောက် မြို့နယ်လုံးကျွတ်နှစ်ပတ်လည်တစ်ဆုပ်ဆွမ်းဆန်တော်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၏ ရေစက်ချ တရားပွဲတွင် ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့) ညကမဟာစည်နယ်လှည့်ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ နရပတိ (ဖြူးဆရာတော်)သည်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြောင်း သိရသည်။ **(က–ပ)**

ကုစ္ဆာသရ ပိဋကတ်စာအုပ်ဆိုင် အမှတ်၂၇/၂၈/၂၉ရွှေတိဂုံတောင်ဘက်မုခ် ဈေးတော်ရုံ ဒဂုံစာတိုက် ဖုန်း–၃၇၄၈၁၃ ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည့် နင်လားဟဲ့ လောကဓံ ထေရဝါဒ ဘိက္ခု နန္ဒ၏ စာအုပ်မျက်နှာဖုံး။ (က–ပ)

ဥပဒေပညာဂျာနယ် အတွဲ(၅)၊ အမှတ်(၂)စာအုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရှေ့နေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေသော ဥပဒေပညာဂျာနယ် အတွဲ ၅၊ အမှတ်–၂ စာအုပ်ကို တစ်အုပ်လျှင် ကျပ်ခြောက်ရာနှုန်းဖြင့် ရှေ့နေချုပ်ရုံးက ၂၀၀၄ခုနှစ် ဇန်နဝါရီလမှစ၍ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(ဓါတ်ပုံ)**

အဆိုပါစာအုပ်များကို ရှေ့နေချုပ်ရုံး ဥပဒေစာအုပ်အရောင်းဆိုင် စာပေဗိမာန်စာအုပ်ဆိုင်၊ အင်း၀ စာအုပ်ဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းစာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြို့နယ်လုံးကျွတ် နှမ်းမနဲထိုးပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် မြို့နယ်လုံးကျွတ် ပထမအကြိမ် နှမ်းမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ၃ရက်တွင် ပရိယတ္တိဓမ္မာရုံစံကျောင်း၌ ကျင်းပမည်ဟု သိရသည်။ **(က–ပ)**

မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ – ၂၀၀၄ ကျိုင်းတုံမြို့နှင့်တာချီလိတ်မြို့တို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်ကချမှတ်ထားသော **"စီးပွားကူးသန်း ရှေ့သို့လှမ်း"**ဟူသော ဆောင်ပုဒ်နှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍရပ်များ ရှေ့သို့တက်လှမ်းနိုင်စေရန် ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်းအရည်အသွေးမြင့်မားစေရန်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်ရည်ရွယ်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)၏ ခွင့်ပြုလမ်းညွှန်မှု၊သက်ဆိုင်ရာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားဒေသခံဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီး၏ ပံ့ပိုးကူညီမှုဖြင့် **"မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄"**ကို ကျိုင်းတုံမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ တာချီလိတ်မြို့တွင် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ်လ ၄ ရက်အထိလည်းကောင်း၊ Media Essential မှ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပစ္စည်းများ

အဆိုပါကျိုင်းတုံမြို့နှင့်တာချီလိတ်မြို့ **"မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄"**တွင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊တိုင်းရင်းဆေးအမျိုးမျိုးနှင့် ပြည်တွင်းဖြစ် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ ကျောင်းသုံး၊ ရုံးသုံးဗလာစာအုပ်အမျိုးမျိုးနှင့် စာရေးကိရိယာများ၊ အဝတ်အထည်များနှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ပန်းချီကားများ၊ မြန်မာမှုပရိဘောဂများ၊လက်မှုပစ္စည်းများအစရှိသည်တို့ကို ပါဝင်ပြသရောင်းချ သွားမည်ဖြစ်သည်။

ပြသနိုင်

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ **"မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄"** တွင် အဆင့်မြင့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ကြော်ငြာသရုပ်ပြတင်ဆက် သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်မည်ဖြစ်ပြီးပါဝင်ပြသလိုသော ပြည်တွင်းပြည်ပကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးအားစနစ်တကျစီစဉ်ပေးသွားမည်ဖြစ်ရာစိတ်ပါဝင်စားသူများအနေဖြင့် Media Essential ဖုန်း–၀၁–၅၉၃၁၉၉ သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ **(က–ပ)**

သဃ်န်းကျွန်းမြို့နယ် အမက (၂၇) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဆမ်းက ငါးနှစ်ဆက်တိုက် ပထမဆုရမနှင်းဦးဝေအား ဆုချီးမြှင့်စဉ်။ (က–ပ)

တစ်ခိုင်လုံးရှေ့ အေးအေးမြင့်

– မြန်မာအက၊ စောင်း၊ ပတ္တလားအတီးနှင့် ရုပ်သေးကြိုးဆွဲ သင်တန်းများ
– အခြေခံ ကဗျာလွတ်နှင့်၊ မြန်မာအကမျိုးစုံ VCD ရိုက်ပေးသည်။
– ဟိုတယ်ပွဲများအတွက် မြန်မာ့ရိုးရာအကနှင့်ရုပ်သေးပွဲ၊ အငြိမ့်ပွဲ
– သတို့သမီး၊ ဘွဲ့မိတ်ကပ်ဆံပင် အလှပြုပြင်ရေးလုပ်ငန်းနှင့် သင်တန်း

လိပ်စာ – **တိုက် (၂၈၉) အခန်း (၂) အရှေ့ရန်ကင်းကြားမှတ်တိုင် ရန်အောင်လမ်းသွယ် (၃)၊ ဖုန်း ၅၅၅၂၅၀၊၆၄၁၄၀၇**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း နှင့် Baiyoke Kandawgyi Hotel Co., Ltd.မှ အောက်ဖော်ပြပါ သင်တန်းများကို Kandawgyi Palace Hotel ရှိHotel and Tourism Training Centre တွင် ၈–၃–၂၀၀၄မှ ၃၀–၄–၂၀၀၄ ရက်ထိ ရက်သတ္တပတ် ရှစ်ပတ်ဖွင့်လှစ်ပါမည်။

(1) Front Office Operations	တက္ကသိုလ်ဝင်တန်းအောင်။
(2) Housekeeping Operations	ကိုးတန်းအောင်။
(3) Food and Beverage Service	ကိုးတန်းအောင်။
(4) Food and Beverage Production	ကိုးတန်းအောင်။
(5) Computer Basic Course	ကိုးတန်းအောင်။
(6) Hotel/ Motel Accounting for Supervisory Level	တက္ကသိုလ်ဝင်တန်းအောင်ပြီး၊ စာရင်းကိုင်ပညာအောင်ပြီးသူ (သို့) ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူ။
(7) Hospitality English	တက္ကသိုလ်ဝင်တန်းအောင်ပြီး (သို့) ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူ။

လျှောက်လွှာများကို ဤသင်တန်းဌာနတွင် ဝယ်ယူပြီး၊ လျှောက်လွှာပိတ်ရက်မှာ ၂၀–၂–၂၀၀၄ ရက် ဖြစ်ပါသည်။ အမှတ်စဉ် ၁ မှ ၄ အထိ ရေးဖြေစာမေးပွဲများကို ၂၁–၂–၂၀၀၄ရက်တွင် ပြုလုပ်ပါမည်။ ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာ ပူးတွဲရန်၊ အောင်မြင်သူများကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပါမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်တော်ကြီးပဲလေ့စ်ဟိုတယ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၂၄၉၂၅၅လိုင်းခွဲ၊၅၄၂၁



ဒီဇင်ဘာ ၂၉ရက်က မအူပင်မြို့နယ် အလန်းကျေးရွာအုပ်စုတွင် အသက် (၁၀)နှစ်နှင့်အထက် နိုင်ငံသားအရည်အချင်းပြည့်မီသည့် နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးဝင်းလှိုင်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းမြင့်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။
(က–ပ)

စက်ရေတွင်းတူးဖော်

ဝက်လက် ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ခေါ်တောကျေးရွာအုပ်စု သဲဗိုလ်ကုန်းကျေးရွာ သောက်သုံးရေသန့် ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ၍ ဒီဇင်ဘာ ၂၇ရက်နံနက်၉နာရီက စက်ရေတွင်းကို တူးဖော်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများသည် သောက်သုံးရေ ရှားပါးသော ခေါ်တောကျေးရွာအုပ်စု၊ သဲဗိုလ်ကုန်းကျေးရွာတွင် လွယ်ကူစွာ သုံးစွဲနိုင်ရေးနှင့် ရေကောင်းရေသန့် ထွက်ရှိနိုင်သည့်နေရာများကို စက်ရေတွင်းတူးဖော်ကြရာ ရေကောင်းရေသန့်များ ထွက်ရှိကြောင်း သိရသည်။ **(၂၃၀)**

ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်း

နွားထိုးကြီး ဇန်နဝါရီ ၂၁

ရန်ကုန်မြို့နေ သစ်ဆန်းအကယ်ဒမီ ဖန်ချက်စက်ပိုင်ရှင် ဦးအောင်ခြည်၊ ဒေါ်တင်လှိုင်မိသားစုက ဆောက်လုပ်လှူဒါန်းသော နွားထိုးကြီးမြို့မ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးထံ အလှူရှင်ဦးအောင်ခြည်နှင့် ဇနီးဒေါ်တင်လှိုင်တို့က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မင်္ဂလာအချိန်တွင် ကျောင်းဆောင်သစ်အလှူရှင် ရန်ကုန်မြို့ ဦးအောင်ခြည်နှင့်ဇနီးဒေါ်တင်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျောင်းဆောင်သစ်မှာ အလျား ပေ၁၃၀၊ အနံပေ ၃၀ရှိ လေးခန်းတွဲ စာသင်တိုက်ဆောင်ဖြစ်ပြီး ကုန်ကျငွေ ကျပ်သိန်း ၁၅၀ တန် ခေတ်မီလှပသော စာသင်ဆောင်ဖြစ်ကြောင်း သိရသည်။

(၂၁၃)

ဗီဒီယိုနှင့်ပတ်သက်သည့်လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေနှင့်အညီလိုက်နာလုပ်ကိုင်ရန် သတိပေးနိုးဆော်ချက်

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် ဗီဒီယိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်ကြောင်း ဖော်ပြထားပါသည်။

(က) ဗီဒီယိုဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကို ဖြစ်စေ၊ ရုပ်ပုံနှင့်အသံကို ဖြစ်စေ ထွက်ပေါ်ခြင်းကိုဆိုသည်။

(ခ) ဗီဒီယိုတိပ်ခွေဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူးထည့်သွင်းထားသော တိပ်ခွေ၊ လေဆာပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဗီဒီယိုရိုက်ကူးချက်နှင့် ဗီဒီယိုကူးယူချက်များလည်း ပါဝင်သည်။

(ဂ) ဗီဒီယိုလုပ်ငန်းလိုင်စင်ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုလုပ်ငန်းအမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ"ဥပဒေပုဒ်မ ၃၂ (က) အရ လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင် လျှောက်ထား၍ လုပ်ငန်းလိုင်စင်ရရှိမှသာ လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(က) ဗီဒီယိုထုတ်လုပ်ခြင်းလုပ်ငန်း
(ခ) ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း
(ဂ) ဗီဒီယိုတည်းဖြတ်ခြင်းလုပ်ငန်း
(ဃ) ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း
(င) ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်းလုပ်ငန်း(လက်လီ သို့မဟုတ် လက်ကားရောင်းချခြင်းပါ ပါဝင်သည်။)
(စ) ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း
(ဆ) ဗီဒီယိုပြသခြင်းလုပ်ငန်း (ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများပါ ပါဝင်ပါသည်။)

၃။ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအရ လုပ်ကိုင်သောသူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် "ဥပဒေပုဒ်မ ၃၂(ခ)၊ ၃၃ (ခ) အရ အောက်ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" ဖော်ပြထားပြီးဖြစ်ပါသည်။

(က) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသောကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း လုပ်ငန်းလိုင်စင်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း။

၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ အထက်ဖော်ပြပါ တားမြစ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဗီဒီယိုလုပ်ငန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့်မသမာမှုများ များပြားလာသည့်အတွက်ကြောင့် ဗီဒီယိုနှင့် ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာလုပ်ကိုင်ရန်နှင့် လိုက်နာလုပ်ကိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနိုးဆော်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗောဓိရိပ်သာလမ်း (ဝင်ဒါမီယာ)၊ အမှတ် ၆၂(C)နေ
ဦးဟော့စွမ်-ဒေါ်ကင်စိန်
တို့၏ တစ်ဦးတည်းသောသား
မောင်ဇော်မင်း (ခ) ကိုကိုနိုင်
နှင့်
ရန်ကုန်မြို့၊ အမှတ် ၂၁၆-၂၂၂ (D-4)၊ ဗိုလ်မြတ်ထွန်းအိမ်ရာနေ
ဦးမောင်မောင်စိုး(ဒါရိုက်တာ၊ အဏ္ဏဝါရေလုပ်ငန်းဦးပိုင်လီမိတက်)-ဒေါ်မြင့်မြင့်နွယ်
တို့၏ သမီးထွေး
မဇင်သူနွယ်စိုး
Final B.Econ (Stat;) Final BCIS (NCC-UK)
တို့၏

၃၁-၁-၂၀၀၄ ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဆောင်မွန်ပေးပို့ချီးမြှင့်သော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီးဒေါ်ခင်သန်းနွဲ့အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးသောကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် ဇနီးဒေါ်နုနုတင်အား လည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်းချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်သိန်းငွေ (ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ရွှေအားလည်းကောင်း၊ ၂၇-၁-၂၀၀၄ ရက်တွင် Traders Hotel ၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ်(ငြိမ်း) ဗိုလ်ချုပ်သန်းဦး(ငြိမ်း)နှင့်ဇနီးအားလည်းကောင်း၊ အသိသက်သေပြုလုပ်ပေးသော ဒုတိယဗိုလ်မှူးကြီးအောင်လွင် (ငြိမ်း)နှင့် ဇနီးအားလည်းကောင်း၊ ဗိုလ်မှူးချုပ်သိန်းငွေ (ငြိမ်း)နှင့် ဇနီးဒေါ်ခင်ရွှေအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးနှင့် မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီနန္ဒာလှိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော ရုပ်ရှင် ဗီဒီယိုသရုပ်ဆောင်ရတနာခင်၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော ရုပ်ရှင် ဗီဒီယိုသရုပ်ဆောင် ဆုပန်ထွာ၊ မင်္ဂလာရွှေဆွဲကြိုးကိုင်ဆောင်ပေးသော ရုပ်ရှင် ဗီဒီယိုသရုပ်ဆောင် ပပဝင်းခင်အားလည်းကောင်း၊ သတို့သား၊ သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးကြသော ကိုဖိုးကျော်၊ ကိုနေဝင်း၊ မအေးလေး၊ မသိမ့်သိမ့်တို့အားလည်းကောင်း၊ အခါတော်တေးသီချင်း သီဆိုပေးသော တေးသံရှင်ဒေါ်နွဲ့ယဉ်ဝင်း၊ Lazy Club တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ကိုထင်လင်းနှင့် နွေမိုးဆောင်းအဖွဲ့၊ အခမ်းအနားစီစဉ်ပေးသောကိုဖေသန်း၊ သတို့သမီးဝတ်စုံချုပ်လုပ်ဆင်မြန်းပေးသော မမဥ္ဖူအားလည်းကောင်း၊ မေတ္တာဖြင့် စိန်လက်ဝတ်ရတနာများ ဆင်မြန်းပေးသော ဦးဝင်းနိုင်-ဒေါ်စန်းစန်းတို့အားလည်းကောင်း၊ Sedona Hotel, Traders Hotel နှင့် Western Park II တို့မှ မန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော မိတ်ဆွေများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ဇော်မင်း-မဇင်သူနွယ်စိုး။**

ပြည်ထောင်စု မြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၇/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မြို့ပြအင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာများအလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)	မြို့ပြအင်ဂျင်နီယာဘွဲ့	၂နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၄-၂-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) လုပ်ငန်းသဘာဝအရ အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၄-၂-၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာ တင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့် အညီလိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၄-၂-၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၃-၃-၂၀၀၄ နေ့နှင့် ၁၄-၃-၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၁၁-၃-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့် ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရုံးများ တွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ် ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၆/ ၂၀၀၄
(၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ	တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc)	၈ နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၄-၂-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၄-၂-၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ရုံးသို့ ၂၄-၂-၂၀၀၄နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။**

၇။ ၁၃-၃-၂၀၀၄ နေ့နှင့် ၁၄-၃-၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၁၁-၃-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/ တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ ကျောက်မြောင်း၊ သုခလမ်း၊ အမှတ်(၇၆)/၄ (B) နေ
ဦးအောင်မြင့်-(ဒေါ်သန်းအိ)
တို့၏ သားလတ်
မောင်ဉာဏ်လင်း(ခ)ညီငယ် B.Sc (Bot:)
အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)
နှင့်
ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊
မင်းခေါင်လမ်း၊ အမှတ် ၃၉၉ နေ
မြန်မာ့သမားတော်ကြီး ဦးတင်ဝင်း-ဒေါ်မြအုန်း
(သုံးချက်ဖြတ် တိုင်းရင်းဆေးကုခန်း)
တို့၏ သမီးငယ်
မသိန်းကြွယ်သူ B.Sc(Bot:)
Dip in Software Engineering

တို့သည် ၂၇-၁-၂၀၀၄ရက်(အင်္ဂါနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်ဉာဏ်လင်း-မသိန်းကြွယ်သူ။

စားပွဲနှင့် ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ဦးတင်မြင့် (မန္တလေး)
ရဲမှူး(ငြိမ်း)
အသက်(၇၆)နှစ်

မန္တလေးမြို့၊ အမှတ် ၂၈၉၊ ၂၉ x ၆၃ လမ်းထောင့်၊ အောင်တော်မူရပ်နေ (ဦးလူစ-ဒေါ်စောဦး)တို့၏သား၊ (ဒေါ်လှချော) ၏မောင်၊ ဒေါ်ကြူကြူ (အငြိမ်းစား၊ကထိက၊အရှေ့တိုင်းပညာ၊မန္တလေး)၊ (ဦးတင်ဝင့်)၊ (ဦးတင်မောင်ထွေး၊ မြို့နယ်တရားရေးဦးစီးမှူး)-ဒေါ်ကြည်ကြည်၊ ဒုရဲမှူးဝင်းထိန်(ကျေးသီးမြို့နယ်မှူး)၊ ဒေါ်တင်မမ(ဒု-ကျောင်းအုပ်၊ လူမှုဝန်ထမ်းဦးစီး၊ မန္တလေး)တို့၏ အစ်ကိုကြီး၊ မောင်အောင်မျိုးထွေး(PIL စင်ကာပူ)-မအေးစန္ဒာသောင်း၊ မဝင်းသီဂီထွေး(စိတ်မှူး၊ အုတ်ကျင်းဂုန်နီ)တို့၏ဘဘကြီး၊ မောင်ဝေယံဖြိုးအောင်၏ဘိုးဘိုးကြီးသည် အထက်ပါနေအိမ်၌ ၁-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၂၉-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်မြမြ (၇၆)နှစ် (ကြို့ပင်ကောက်)နာမကျန်းဖြစ်စဉ်က အဘက်ဘက်မှမေတ္တာဖြင့်ကူညီကြသော အောင်မြေဗိမာစာသင်တိုက်မှ ဆရာတော်နှင့် သံဃာတော်များ၊ လူကြီး မိဘ ဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သျှင်ပါကူအထူးကုဆေးခန်းတွင် ဆေးကုသမှုခံယူစဉ် စေတနာမေတ္တာအပြည့်ဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့သော ဆရာဝန်ကြီးများ၊ ဆရာမများ၊ ၃၁-၁-၂၀၀၄ရက် ဈာပနတွင် လိုက်ပါပို့ဆောင်ပေးခဲ့သော လူကြီးမိဘ ဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ထွေး
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၃၁၊ အမှတ်(၂)ရပ်ကွက်၊ ၇၁ လမ်းနေ (ဦးမြလွင်)-ဒေါ်သန်းသန်းဝင်း၊ ဦးသန်းထွေး (MPPE) - ဒေါ်စန်းရီ၊ (ဦးအောင်တိုး)-ဒေါ်ခင်စိန်ဝင်း၊ ဦးအုံးကြည်-(ဒေါ်ချိုချိုနိုင်)၊ ဦးသန့်ဇော်လှ (စည်ပင်၊ရေ/သန့်)-ဒေါ်ပိုပိုနိုင်၊ဦးသက်နိုင် (MPPE) - ဒေါ်ကြည်ကြည်မြင့်တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၂-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြသောင်း
(စိန့်ပေါလ်ကျောင်းသားဟောင်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀၊ အမှတ် ၁၉၅၊ ပထမထပ်နေ (ဦးဘိုကေ-ဒေါ်သန်း)တို့၏ သား၊ ဒေါ်ခင်အုန်း၏ခင်ပွန်း၊ ကိုအောင်ခိုင်စိုး၊ (ကိုသောင်းထိုက်စိုး)၊ ကိုအောင်ကျော်စိုး-မချိုသက်နွယ်၊မနှင်းရူပါတို့၏ဖခင်၊ မမေဇွန်မြတ်မိုး၏အဘိုးသည် အမှတ် ၆၁၊ သြဘာလမ်းနေအိမ်တွင် ၂-၂-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြသန်း (မိသန်း) (မြိတ်)
အသက်(၄၃)နှစ်

အမှတ် ၄၁၄(ခ)၊ ဘုရင့်နောင် ၁ လမ်း၊ ကျောက်ရေတွင်း၊ မရမ်းကုန်းနေ ဦးတိုးအောင်၏ဇနီး၊ မြိတ်မြို့၊ ဘုရားကိုးဆူ၊ ကြံတောကွက်သစ်နေ (ဦးအောင်တင်-ဒေါ်ဂေါ်သင်)တို့၏ သမီးကြီး၊ မောင်အောင်မင်း၊ မထက်ထက်အောင်၊ (မောင်မျိုးမင်းသိန်း)၊ မမေသက်ကြည် (အထက-၂၊ စမ်းချောင်း)၊ အောင်မြတ်သူ၊ မောင်သက်ထွေးအောင် (အထက-၅၊ မရမ်းကုန်း)တို့၏မိခင်သည် ၁-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုထွန်းမြင့်ထွန်း
(ပျော်ဘွယ်မြို့)
အသက်(၃၄)နှစ်

ပျော်ဘွယ်မြို့၊ မြို့မရပ်နေ ဦးချစ်လှိုင်-ဒေါ်သိန်းရင်(ရွှေပန်းထိမ်)တို့၏ သား၊ ဦးခင်မောင်ဦး-ဒေါ်တင်တင်အုံး၊ ဦးတင်စိုး-ဒေါ်မြင့်မြင့်သန်း၊ဦးမြင့်ဌေး-ဒေါ်မြင့်မြင့်စန်း၊ ဦးကျော်သောင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးမြင့်လွင်-ဒေါ်ကြည်ကြည်ဝေ၊ ဦးမောင်တိုး - ဒေါ်သက်သက်လှိုင်၊ ဦးအောင်မင်းသူ - ဒေါ်မော်မော်လှိုင်၊ ဦးမြတ်မင်းစိုး-ဒေါ်တင်တင်ဌေးတို့၏ ညီ/မောင်၊ မနီလာမြင့်၏ခင်ပွန်း၊ မောင်ဝေမင်းထွန်း၏ဖခင်သည် ၁-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါသဖြင့် ၃-၂-၂၀၀၄ရက်တွင် ပျော်ဘွယ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်မြဦး (စစ်တွေ)
သိုရုံစုမှူး(ငြိမ်း)၊
ကုန်သွယ်/လယ်ယာ
အသက်(၇၅)နှစ်

စစ်တွေမြို့နေ (ဦးမောင်စောလှ-ဒေါ်စိန်ဦးဖြူ)တို့၏သားကြီး၊ အိုးတန်းရပ်ကွက်၊ ကန/၇စနေ ဒေါ်စောမြ၏ခင်ပွန်း၊ ဦးစောရွှေ(ကုန်သည်)-ဒေါ်တင်အောင်၊ ဒေါ်စောဝင်းခင်-ဦးဗိုလ်စောသိန်း၊ ဦးထွန်းဝင်း-ဒေါ်ဖြူဖြူကျော်၊ ဒေါ်ခင်မြဝင်း-ဦးဇော်နိုင်(စာရင်းစစ်ချုပ်ရုံး)၊ ဦးမောင်ကျော်ဝင်း (ဆန်ပွဲရုံ)-ဒေါ်အေးမြသန်း၊ ဒေါ်သန်းသန်းဝင်း (ဆန်ပွဲရုံ)-ဦးညီညီမောင်တို့၏ ဖခင်၊ မြေး ခြောက်ယောက်၊ မြစ် သုံးယောက်တို့၏အဖိုးရှင်သည် ရန်ကုန်မြို့၊ အမှတ် ၁၁၈၊ ဦးမောင်မောင်စိုးလမ်း၊ အေဝမ်းခြံ၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ် နေအိမ်၌ ၂-၂-၂၀၀၄ရက် နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မန်းထွန်းကြိုင်
(အင်းသောင်ကြီးရွာ၊ကျုံပျော်)
အသက်(၇၃)နှစ်

ကျုံပျော်မြို့နယ်၊ အင်းသောင်ကြီးရွာနေ (ဦးဘိုးရှိန်-ဒေါ်စိန်လာ)တို့၏သား၊ (ဒေါ်အေးမြိုင်)၏ခင်ပွန်း၊ တပ်ကြပ်ကြီးခင်ဦး(တပ်မတော်-လေ)-နန့်သန်းဝင်းဌေး(အထက-၁၊ မင်္ဂလာဒုံ)၊ နန့်ကြူကြူဌေး (မီးရထား၊ ရုံးချုပ်)၊ ကိုတင်ထွဋ် (တောင်ဥက္ကလာ ဘီစကစ် စက်ရုံ)၊ (ကိုဇော်မင်း)၊ ကိုချစ်ကို-နန့်နီလာထွန်း (အထက၊ သောင်ကြီး)၊ နန့်သီတာထွန်းတို့၏ဖခင်၊ မဝင်းနီချစ်ကို၊ မခင်ဆွေဆွေဝင်း၊ မောင်ဖွဲ့သုတတို့၏ အဘိုးသည် ၂-၂-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၈ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်မင်း
(အောင်သရဖူဆောက်လုပ်ရေး)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊စိတ္တသုခလမ်း၊အမှတ် ၃၇နေ(ဦးစောလှအောင်)-ဒေါ်မြတို့၏သားကြီး၊ ဒေါ်မသောင်းနု၊ ဦးစိန်ထွန်းအောင်၊ ဒေါ်လှကျော့စိန် (အောင်သရဖူ)၊ဦးဘသန်း(တော်ဝင်လင်းဆောက်လုပ်ရေး)၊ ကိုအောင်စံသိန်း၊ ကိုဇော်ထွန်းနိုင်၊ မခင်မြထွေး၊ မောင်ဇော်မင်းထိုက်တို့၏အစ်ကိုကြီး၊ ဒေါ်ရီရီလွင်၏ခင်ပွန်း၊ မောင်သိန်းစိုးလွင်(ပထမနှစ်၊ ရူပဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မောင်လူမော်ဟိန်း(အဋ္ဌမတန်း၊ အထက-၂၊ တာမွေ)တို့၏ဖခင်သည် ၂-၂-၂၀၀၄ရက် (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

(သင်္ဂြိုဟ်မည့်နေ့ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်း (တောင်ငူ)
အသက်(၉၀)

တောင်ငူမြို့၊ ၁၁/၂၆၅၊ မန်းရပ်၊ ကန်တော်လမ်းနေ (ဦးအုန်းမောင်)၏ ဇနီး၊ ဒေါ်မြင့်မြင့်စိန်(ရောင်း/စက်၊ ငြိမ်း)၊ ဦးတင်-ဒေါ်ခင်အုန်းမြင့် (ရွှေလရောင်ထုံးရောင်းဝယ်ရေး၊ဘုရင့်နောင်၊ရန်ကုန်)၊ ဦးတင်မောင်မြင့်-ဒေါ်ရွှေရီ(အထက-၄၊ တောင်ငူ)၊ ဦးခင်မောင်ညွန့်(ရုံပိုင်၊ ငြိမ်း)၊ ဒေါ်ခင်ထားမြင့် (အထက-၂၊ တောင်ငူ)၊ ဒေါ်ခင်ထွေးမြင့်တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁-၂-၂၀၀၄ရက် ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ ကင်ဆိပ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးထွေး
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ငါးထပ်ကြီးစခန်းလမ်း၊ ဒေါ်ကြီးကြီးလမ်း၊ အိမ်အမှတ် ၃၁၂(ဘီ)နေ ဦးကျော်အေး-ဒေါ်သီတို့၏သား၊ ဦးစောမောင်-ဒေါ်လှိုင်တို့၏ သားသမက်၊ ဒေါ်ဦးယဉ်၏ခင်ပွန်း၊ ဦးငွေသိန်း-ဒေါ်ခင်စန်း၊ (ဦးကြီးဟန်)-ဒေါ်ခင်လှ၊ ဦးမြင့်ဇော်-ဒေါ်အေးအေး၊ ဦးစောယု-ဒေါ်သီတာ၊ ဦးကျော်ရင်-ဒေါ်ချိုချိုအေး၊ (ဦးစိန်မြင့်)၊ ဦးဝင်းမြင့် (ဝိရဇကုမ္ပဏီ)- ဒေါ်မာမာထွေး(ပြည်ထဲရေးဝန်ကြီးရုံး)၊ (ဦးအတာ)၊ ဦးရင်ထွေး-ဒေါ်ခင်စောတို့၏ဖခင်၊မြေး ၁၇ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄ ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀:၃၀ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးသန်းဝင်း
(မြန်မာ့လေကြောင်း)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၀၈(အေ)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်နေ (ဦးရီကြည်-ဒေါ်အေးရီ)တို့၏သား၊ (ဦးဘိုကြီး-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်ခင်သန်း(မြန်မာ့လေကြောင်း၊ငြိမ်း)၏ခင်ပွန်း၊ မောင်ညီညီမိုး-မနန္ဒာဝင်း၊ မောင်ဇေယျာစည်သူဝင်းတို့၏ဖခင်၊ မောင်စွမ်းပြည်စုံအောင်၏အဘိုးသည် ၂-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အောက်ပုဇွန်တောင် နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ဇော်မင်းအောင်(ခ) ကိုမဲကြီး
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကမ္ဘာအေးရေကူးဘုတာရုံလမ်း၊ အမှတ် ၁၄(က)နေ ဦးကုလား-ဒေါ်တင်တင်ဝင်းတို့၏သား၊ ပဲခူးမြို့နေ ဦးအောင်သိန်း-ဒေါ်စောရွှေတို့၏ သားသမက်၊ မအေးသီတာ (MRTV-3)၊မနွယ်နွယ်ဝင်း(စိုက်/စီ-Cirdap Project)တို့၏ မောင်၊ ဇော်လင်းနိုင်၏အစ်ကို၊ မအေးအေးမော်၏ခင်ပွန်း၊ မောင်ဇေယျာထက်၏ဖခင်သည် ၂-၂-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မောင်ထွန်းထွန်းလွင်(ခ) ဘိုထွား
Final Year (Eco,U.D.E)
အသက်(၂၇)နှစ်

ရွှေပြည်သာမြို့နယ်၊ အမှတ် ၁၄၂၊ မြေတိုင်း ၃၊ ပန်းခြံ ၄၊ (၉)ရပ်ကွက်နေ ဦးလှလွင်-ဒေါ်ဂျာတောင်တို့၏ သား၊ မောင် သိန်းလွင်ဦး၏ညီ၊ မခင်မာလွင်၊ မချိုချိုလွင်တို့၏မောင်၊ မောင်ညီညီလွင်-မနီလာဝင်း၊ မောင်ဇော်ဇော်လွင်တို့၏အစ်ကိုသည် ၂-၂-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၂-၂၀၀၄ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်နက် (ပန်းတနော်မြို့)
အသက်(၈၃)နှစ်

ပန်းတနော်မြို့၊ ဦးအောင်ဇေယျလမ်း၊ အမှတ် ၈၃ နေ (ဒေါ်ကြည်)၏ညီမ၊ ဒေါ်ရင်မေ၊ ဦးလှမြင့်-ဒေါ်လှကြီး၊ ဒေါ်ဝင်းတင်၊ ဒေါ်ကျင်ရီ၊ ဦးသန်းထွန်း-ဒေါ်နုနု(ရန်ကုန်)၊ ဒေါ်လှတင်၊ ဒေါ်သန်းသန်းတို့၏အဒေါ်၊ ရန်ကုန်မြို့နေ ဒေါ်မြသန်း(ဒေါ်မြသန်းနှင့်ညီမများ၊ မြတ်မဥ္စူပါတိတ်ဆိုင်)၏အဒေါ်၊ ဦးချစ်ဆွေ-ဒေါ်လှမြိုင်၊ ဦးသန်းအေး-ဒေါ်စန်းရီ၊ ဦးသန်းလွင်-ဒေါ်အေးသိန်းတို့၏အဒေါ်သည် ၁-၂-၂၀၀၄ရက် နံနက် ၉ နာရီတွင် ပန်းတနော်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ပန်းတနော်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးဆင့်(ခ)ဒေါ်ဆင့်
(ရင်း၊ငြိမ်း၊သထုံ)
အသက်(၆၀)

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၅နေ(ဦးသိန်းတင်)-ဒေါ်ထွန်းတို့၏သမီး၊ (ဦးမောင်ဝင်း-ဒေါ်ညို)တို့၏ သမီးချွေးမ၊ ဦးကျော်လွင် (ကြေးမုံသတင်းထောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရပ်ကွက်လုံးဆိုင်ရာ သဒ္ဓမ္မဇောတိကာမျှော်ရုံ ဥက္ကဋ္ဌ)၏ဇနီး၊ ဦးသန်းလွင်-မကြည်ကြည်လွင်၊ ဦးကိုကိုလွင်-မနန်း ဝါဝါခင်၊ ဦးအောင်နိုင်လွင်-မအေးအေး၊ ဦးဝင်းနိုင်လွင်(ရေနံသယ်ပို့၊ MPE)၊ကိုဇော်ထွန်း-မသီတာလွင်တို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၂-၂၀၀၄ရက် ညနေ ၄:၂၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအုန်းလွင်
အထက်မြန်မာပြည် ဓာတ်မြေကြီးစခန်းတာဝန်ခံ စဉ့်ကိုင်မြို့
အသက်(၅၄)နှစ်

စစ်ကိုင်းတိုင်း၊မြောင်မြို့နယ်၊ဘူးကိုင်းရွာနေ ဦးအောင်တင့်-ဒေါ်သိန်းမြတို့၏သား၊ ရန်ကုန်မြို့နေ ဦးမောင်မောင်-ဒေါ်တင်တင်တို့၏သားသမက်၊မန္တလေးမြို့နေ ဦးကျော်စိုးနိုင်(ကထိက၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး)-ဒေါ်မျိုးသီတာလွင်တို့၏ဖခင်၊ ဒေါ်တင်အေးအေး(ရွှေစင်ဆန်စက်၊ ဆီစက်)၏ခင်ပွန်းသည် ၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှစဉ့်ကိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်ကိုကိုကောင်း
(ကောင်းမြတ်)
ဆဋ္ဌမတန်း(အေ)
(အလက-၄၊သာကေတ)
အသက်(၁၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၄၇၇/က နေ ဦးမြင့်သိန်း(၂၆) (ဒုအကောက်ခွန်မှူး) - ဒေါ်ခင်မာချို (သာကေတမြို့နယ် အမျိုးသမီးရေးရာ)တို့၏သားကြီး၊ ဦးစံညွန့် (ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)-ဒေါ်တင်ရီ၊ (ဦးစိန်)-ဒေါ်ရီတို့၏မြေး၊ (ဦးခင်မောင်ဝေ)-ဒေါ်လှလှဌေး၊ (မစန်းစန်းဌေး)၊ (မောင်သိန်းတိုး)-မအေးအေးသိန်း၊ မောင်ကျော်ဝင်းခိုင်-မတင်တင်ထွေး၊ မောင်ဇော်ဝင်းခိုင်-မခင်သက်မာညွန့်၊ မသဉ္ဇာအေး၊ မသဉ္ဇာထွေး၊ မစိမ်းချိုအောင်(အမျိုးသမီးဘောလုံး)၊ မောင်ဇော်လင်းအောင်တို့၏တူ၊ မောင်ထင်အောင်ကျော်၏ညီ၊ မောင်သော်ဇင်ထူး၊ မောင်ဗိုဗိုကောင်း၊ မောင်အောင်ခန့်ကျော်၊ မောင်ဝိုင်းချစ်တို့၏အစ်ကိုသည် ၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၁၁:၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းအမကြီး
အုံရှကီး(ခ)ဒေါ်ကြည်
အသက်(၉၁)နှစ်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ ၂၃ လမ်း(အထက်)၊ အမှတ် ၁၀၅(ဒုတိယထပ်)နေ (ဦးဟုတ်အူ)၏ဇနီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ အမှတ် ၇၁၊ လေးထောင့်ကန်လမ်းနေ ဦးမြအေး-ဒေါ်ကျင်မြိုင် (တွင်ခုံ)၊ ဦးကျော်ဝင်းတို့၏မိခင်၊ ရန်ကုန်မြို့ ဦးအခွန်း၏မွေးစားမိခင်၊ ဦးမျိုးဝင်းဟန်-ဒေါ်နီလာသန်း၊ ဒေါက်တာအေးကြူ-ဒေါက်တာဇေရီသန်း၊ဦးတင်မျိုးသော်-ဒေါ်မြမြသန်း၊ ကိုဝင်းကြိုင်(ဘီလိယက်)၊ ကိုဝင်းလှိုင်-မသန်းသန်းဌေးကျော်(FMGစတိုး)၊ မဥမ္မာသန်း(Teacher at ILBC)၊ ကိုဝင်းနိုင်-မမူယာအေး(နေရာသစ် ရွှေဆိုင်)၊ မောင်ဝင်းခိုင်(ဘီလိယက်)နှင့်မြစ် ၁၀ယောက်တို့၏အဘွားသည် ၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၇၁၊ လေးထောင့်ကန်လမ်းနေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်သန်းညွန့်(ခ)အသန်းကြီး
မင်းလှမြို့၊ပဲခူးတိုင်း
အသက်(၇၃)နှစ်

မင်းလှမြို့၊ ဈေးချိုတန်းလမ်း၊ အမှတ် ၂၇နေ (ဦးဖိုးစိန်-ဒေါ်လှဆင်)တို့၏သမီး၊ ဒေါ်အေးညွန့်၊ (ဒေါ်အုန်းမြင့်)၊(ဒေါ်အုန်းကြွေ)တို့၏ညီမ၊(ဒေါ်စိုး)၏အစ်မသည် ၁-၂-၂၀၀၄ ရက် နံနက် ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီ၌ ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကားများ တောင်ဒဂုံ၂၀ရပ်ကွက်၊ မြန္ဒာလမ်း၊ အမှတ် ၄၉-ခ၊ ကိုစိုးနိုင်-မခင်သန်းအေး နေအိမ်မှ နံနက်၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအေးကျော် (အင်းစိန်)
လဝကမှူး(ငြိမ်း)
အသက်(၆၆)နှစ်

ဝါးခယ်မမြို့နေ (ဦးခင်မောင်-ဒေါ်ထွေးစိန်)တို့၏သား၊ ရခိုင်ရိုးကြီးကျေးရွာနေ (ဦးညွန့်လှိုင်)-ဒေါ်အေးတို့၏ သားသမက်၊ အမှတ် ၃၁၇၊ ပိတောက်လမ်း၊ ရွာမအရှေ့၊ အင်းစိန်မြို့နေ ဒေါ်ဖြူဖြူ၏ခင်ပွန်း၊ (ဦးမိုးကျော်)၊ ဒညင်းကုန်းနေ ဒေါ်သန်းသန်းအေး၊ ဦးလှမျိုးတင့်၊ ဒေါ်အေးချမ်း၊ (ဦးကျော်ဌေး)၊ ဒေါ်နွဲ့နွဲ့ဝင်း၊ မအေးသဇင်ဖြူ (VIII-D၊ ထ-၂၊အင်းစိန်)၊ မသီဂီကျော် (III-A၊ အမက-၁၊ ဗဟို-အင်းစိန်) တို့၏ဖခင်သည် ၂-၂-၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်နိုင်
Director
Ever Loyal Int’l Co.,Ltd.
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ် ၂၇၇ နေ (ဦးစိန်)-ဒေါ်မြင့်ကြည်တို့၏ သား၊ ဦးသန်းဌေး - ဒေါ်မြင့်မြင့်သန်းတို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း (MD, Ever Loyal Int’l Co., Ltd.)၊ ဦးမောင်မောင်ဦး(Director, Ever Loyal Int’l Co.,Ltd.)တို့၏ ညီ/မောင်၊ အမှတ် ၃၆၊ ပိတောက်လမ်း ပိန္နဲကုန်း၊အင်းစိန်မြို့နယ်နေ မသင်းသင်းမာ၏ ခင်ပွန်း၊ ဟိန်းကိုကိုဦး (YIEC, 3M)နှင့် ဟိန်းဇေယျာဦး (မူကြို-၂၊ရန်ကုန်ခရစ်ယာန်မက်သဒစ်အသင်းတော်)တို့၏ ဖခင်သည် ၃၁-၁-၂၀၀၄ရက် (စနေနေ့) ည ၇:၂၀ နာရီတွင် S.S.C ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (၃၆၊ ပိတောက်လမ်း ပိန္နဲကုန်း အင်းစိန်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။ ၂၄၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu Thawng Za Cin Hau (Lo Phei)
(အငြိမ်းစားဗိုလ်ကြီး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်)
အသက်(၈၂)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Lo Phei ရွာနေ (Pu Suang Thang)- Pi Ciang Hau တို့၏တတိယသား၊ Pu Suang Cin Thang- Pi Niang Dim တို့၏ သားသမက်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း (ဗိုလ်သောင်းဂေဟာ)နေ Nu Cing Za Lian ၏ခင်ပွန်း၊ Pa Thang Khan Cin- Nu Ngin Do Cing၊ (Pa Thang Cin Khai- Nu Lei Pial)၊ Pa Thang Za Mung- Nu Myint Myint Khin၊ Pa Mang Kiim- Nu Hav Za Cing၊ Pa Nang Do Pau- Nu Dim Khan Pum တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏ အဘိုးသည်အထက်ပါနေအိမ်၌ ၂-၂-၂၀၀၄ရက် နံနက် ၄:၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီ၌ ကလေးမြို့ ပင်လုံနှစ်ခြင်းခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ကြူ
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အိမ်အမှတ် ၁၇ နေ (ဦးဟုတ်ကြည်-ဒေါ်ချစ်)တို့၏သမီး၊ (ဦးထွန်းဖေ)-ဒေါ်ခင်ခင်ကြူတို့၏ညီမ၊ ဦးသန်းဦး(Chief Engineer)-ဒေါ်မူမူအေး၊ ဦးထွန်းမင်း(လ/ထညွှန်မှူး၊ ရသုံးဦးစီးဌာန)-ဒေါ်ညိုညိုထွန်း (ပေါင်းတည်မြို့နယ်၊အခွန်ဦးစီးမှူး)၊ ဦးသိန်းဦး(2nd Mate, Uniteam)-ဒေါ်သူဇာဝင်း၊ ဒေါက်တာသန်းချို (အရိုးအထူးကုဆရာဝန်ကြီး)-ဒေါက်တာဆွေဆွေထွန်းတို့၏အဒေါ်၊ မြေး ၁၁ယောက်တို့၏အဘွားလေးသည် ၁-၂-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် မန္တလေးမြို့၊ ၃၅(အေ)လမ်း၊ နဝရတ်ရိပ်သာ စီ(၁) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် မန္တလေးနေအိမ်မှတောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ဝင်း
မြန်မာ့မီးရထား(ရုံးချုပ်)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်သိန်း-ဒေါ်ခင်ခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၆)ရပ်ကွက်၊ တိုက် ၁၁၊ အခန်း ၂၀၂၊ အောင်ဇေယျအိမ်ရာနေ ဦးတင်ရီ (တိုင်းပို့ဆောင်ရေးမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့မီးရထား)၏ဇနီး၊ ဦးလှကြိုင် (မီးရထား)-ဒေါ်တင်အေးတို့၏ တူမ၊ ဗိုလ်မှူးဝင်းဆွေ(ငြိမ်း)၊ အောင်လ(စည်ပင်)-ဒေါ်ရီရီထွေး၊ ဦးဝင်းကျော်(ဒု-မန်နေဂျာ၊ MICCL)- ဒေါ်နန်းဝေသီ (အင်ဂျင်နီယာမှူး၊ MICCL)၊ ဒေါ်မြင့်မြင့်ဆွေတို့၏အစ်မ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇)ရပ်ကွက်၊ ပင်လုံလမ်းနေ ဦးသိမ်း(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ရေနံ)-ဒေါ်ရီရီသိမ်း၊ ဦးမျိုးအေး(DGM၊ ငြိမ်း၊ စား/ထွေ)-(ဒေါ်အေးချို)တို့၏ညီမ၊ တူတူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် အထက်ပါနေအိမ်၌ ၂-၂-၂၀၀၄ရက် နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒုဗိုလ်အေးမင်း
တော၈(၃၀)
အသက်(၂၃)နှစ်

ချောက်မြို့နေ ဦးကျော်မင်း-ဒေါ်မြင့်တို့၏မြေး၊ ရန်ကုန်မြို့၊ အင်းစိန်၊ ဖော့ကန်(၈) ၇၉၊ ရဲဘော် ၃ လမ်းနေ ဦးသန်းဇော်-ဒေါ်လှလှဝင်းတို့၏သား၊ ဦးကျော်လင်း-ဒေါ်မြတ်ကြည်၊ ဒေါ်အုန်းကြည်၊ ဒေါ်မြမြဝင်းတို့၏တူသည် ၂-၂-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင်မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးအအေးတိုက်မှ မင်္ဂလာဒုံစစ်သချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဣန္ဒက(ခ)ကိုကိုဦး
သက်တော်(၃၄)နှစ်၊သိက္ခာတော်(၃)ဝါ

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်၊ စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ အမှတ် ၉၀၊ လေးလွှာခြေရင်းနေ ဦးတင်ဝင်း-ဒေါ်ခင်မြင့်မြင့်တို့၏သား၊ မဆုး(ခ)မချိုချိုလတ်၊ မမွန်မွန်သီရိတို့၏အစ်ကိုသည် ၁-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးတင်ရွှေ (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၃၁)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ကော့မှူးမြို့နယ်၊နတ်စင်ကုန်းကျေးရွာနေ (ဦးထွန်းရင်-ဒေါ်အုံးမေ)တို့၏သားကြီး၊ အမှတ် ၃၁၊ ၁၄၁ လမ်း၊ တာမွေမြို့နယ်နေ ဒေါ်လှလှ၏ခင်ပွန်း၊ ဒေါ်တင်မေ၊ ဦးလှသောင်း၊ ဦးလှသိန်း၊ ဦးသန်းသန်း၊ ဦးလှမြင့်၊ ဦးတင်ထွေး၊ (ဒေါ်တင်စိန်)တို့၏အစ်ကိုကြီး၊ ဒေါ်မိုးမိုးတင် (အာရှနေဘဏ်)၊ ဗိုလ်ကြီးတင်ရဲထွန်း(အိုး/အိမ်)-ဒေါ်မွန်မွန်ဆွေ၊ဗိုလ်မှူးရဲထိုက်(နတလ)-ဒေါ်နန်းဥမ္မာ၊ ဦးကောင်းမြတ်-ဒေါ်သီတာအေးမြစ်မိုတို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းစိန် (ချောင်းဦး)
အသက်(၅၈)နှစ်

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ကျည်ကုန်းကျေးရွာနေ ဦးမင်းဒင်-ဒေါ်မြမေတို့၏သမီး၊ (ဦးလှကျော်-ဒေါ်ပိုင်)တို့၏သမီးချွေးမ၊ ဦးလှဌေး၊ ဒေါ်နန်းစိန်တို့၏ညီမ၊ ဦးစံပ-ဒေါ်လှမြင့်၊ဦးထွန်းအောင်-ဒေါ်ဟန်ရင်၊ဦးကျင်စိန်-ဒေါ်ခင်ဌေးမြင့်တို့၏အစ်မ၊ ဦးမျိုးမြင့်သန်း-ဒေါ်ငြိမ်းငြိမ်း၊ (ဦးသစ်လွင်)-ဒေါ်ညွန့်မြိုင်၊ ဦးသိန်းတန်-ဒေါ်သန်းသန်းနွဲ့(ရွှေပြည်သာ)တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား၊ ဦးလှထွန်း၏ဇနီးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁-၂-၂၀၀၄ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အောင်ဆန်းမြို့ ထန်းတပင်ကျောင်းတိုက်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမင်းဦးမြင့် (ဖိုးထောင်)
3.E (F.G)
အထက(၄)ပုဇွန်တောင် ကျောင်းသားဟောင်း
အသက်(၄၅)နှစ်

ဦးကျော်မြင့် (စား/ထွေအဖွဲ့ဝင်၊ ငြိမ်း)-(ဒေါ်ခင်စန်းချစ်)(ဒုညွှန်မှူး၊ငြိမ်း၊ လူမှုဝန်ထမ်း)တို့၏သား၊ ဦးထွန်းမင်း (တရားရုံးချုပ်ရှေ့နေ) - ဒေါ်တင်အုံ (အထပြ၊ ငြိမ်း)တို့၏ သားသမက်၊ (ဒေါ်ဝေမာမြင့် - ဦးမောင်မောင်သန်း) တို့၏မောင်၊ ဦးမိုးမြင့်-ဒေါ်မာလာခင်တို့၏အစ်ကို၊ ရှိန်း-ဆွေဇင်ထွန်း၊ ပွင့် (အထက-၅၊ မရမ်းကုန်း)တို့၏ ဖခင်၊ ဒေါ်ကြူကြူထွန်း (S & P ကလေးစာပေ)၏ခင်ပွန်းသည် ၂-၂-၂၀၀၄ရက် နံနက် ၀၀:၀၁ နာရီတွင် အိမ်အမှတ် ၂၄၂၊ အင်းကြင်းမြိုင်လမ်း၊(၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်၌ ကွယ်လွန်ပါသဖြင့် ၂-၂-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ပြင်ဆင်ဖွဲ့စည်းပြီးဖြစ် လက်ရွေးစင်အားကစားသမားများ စနစ်တကျရွေးချယ်လေ့ကျင့် စံချိန်မီဘောလုံးလေ့ကျင့်ကွင်းများတိုးတက်ဖော်ထုတ်၊ ရှိပြီးကွင်းများအဆင့်မြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးခန်းမတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများက ဘောလုံးအားကစားအပါအဝင် အားကစားကဏ္ဍအသီးသီးတို့အတွက် အားကစားသမားရွေးချယ်မှု၊ စခန်းသွင်းလေ့ကျင့်မှုစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ▼

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားဝင်းအတွင်းရှိ အမျိုးသမီးဘောလုံးအားကစားသမားများ အိပ်ဆောင်ရှိ အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲအောင်မြင် အာရှဇုန်(၁)တင်းနစ်ပြိုင်ပွဲ ဖြိုးမင်းသာနှင့်ဇင်ဘိုပြိုင်မည်

သတင်းဆောင်းပါး-ကိုထွေး။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့က ကြီးမှူး၍ မြန်မာနိုင်ငံ၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ [14 & Under Asian Championships 2004-Zone(2)] ပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက သိမ်ဖြူတင်းနစ်ကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာ့အလင်းက သွားရောက်သတင်းရယူခဲ့ရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်၏ နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်ခဲ့မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိခွင့်ရရှိခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် နိုင်ငံတကာပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ပွဲစဉ်၌ မွန်ဂိုလီးယားမှ အရပ် ၆ ပေ ၂ လက်မရှိသော အားကစားသမားကို အနိုင်ယူကာပထမရရှိခဲ့သော ဖြိုးမင်းသာ။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ခပေါင်းရေလှောင်တမံ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၃၀နှင့် နှစ်စဉ်ကီလိုဝပ်သန်းပေါင်း ၁၂၀ထုတ်နိုင်မည်

ကွင်းဆင်းရေးသားတင်ပြသူ – ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း – မောင်အော်

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာရေးနှင့် တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့အတွက် ဘက်စုံကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ခပေါင်း ရေလှောင်တမံ ဥမင်လိုဏ် အဝင်ဘက်တွင် ခိုင်ခံ့ရေးအတွက် ကွန်ကရစ်နံရံအဝင်ပေါက်များ ဤသို့ တည်ဆောက်ခဲ့သည်။
ဓာတ်ပုံ-မောင်အော်



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မီးတောင်ပေါက်ကွဲစပြု

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ အီဂွန်မီးတောင်ပေါက်ကွဲစပြုနေသည်ကို တွေ့ရစဉ်။**(ယာပုံ)**



အင်ဒိုနီးရှားနိုင်ငံအရှေ့ဂျာဗားပြည်နယ်ရှိအီဂွန်မီးတောင်သည်ယခုရက်ပိုင်းအတွင်း ပေါက်ကွဲတော့မည့်အခြေအနေများအဖြစ် မီးတောင်မှ မီးခိုးများနှင့် သဲများထွက်ရှိလျက်ရှိသည်။

ထိုသို့ အီဂွန်မီးတောင် လှုပ်ရှားလာမှုကြောင့် မီးတောင်အနီးနေထိုင်ကြသည့် ကျေးရွာများနှင့် ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရကြောင်း သိရသည်။ **(အေအက်ဖ်ပီ)**

ကမ္ဘာ့ အကြီးဆုံး နှင်းခဲအဆောက်အအုံ

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ဟော့ကိုင်းဒိုးကျွန်း၏ မြောက်ဘက်ရှိ အဆာဟိကာဝါမြို့တွင် ဆောင်းရာသီ ပွဲတော်၌ ခင်းကျင်း ပြသထားသည့် နှင်းခဲများဖြင့် ပြုလုပ်ထားသော ကမ္ဘာ့အကြီးဆုံး နှင်းခဲအဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

(အင်တာနက်)